


# Ball Corporation

## စီးပွားရေးလုပ်ငန်း ကျင့်ဝတ်စည်းကမ်းများ

# DAN FISHER
# ထံမှ အမှာစကား

လေးစားရပါသော လုပ်ဖော်ကိုင်ဖက်များခင်ဗျာ

ကျွန်ုပ်တို့ Ball သည် အပြောင်းအလဲမရှိ ရိုးဖြောင့်မှန်ကန်မှုကို ပြသနေပြီး ဤရိုးဖြောင့်မှန်ကန်မှုသည် ကျွန်ုပ်တို့၏ လုပ်ငန်းတိုင်းနှင့် လုပ်ငန်းဆောင်ရွက်ရာ ဒေသတိုင်းတွင် Drive for 10 ဖောင်ဒေးရှင်း၏ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ စည်းကမ်းလိုက်နာသည့် ယဉ်ကျေးမှုတစ်ခုကို ထိန်းသိမ်းနိုင်ရန် ကျွန်ုပ်တို့ဝန်ထမ်းများ၏ နေ့စဉ်အားထုတ်သမျှအတွက် ဂုဏ်ယူရပြီး ထိုသို့အားထုတ်မှုသည် ကျွန်ုပ်တို့ လုပ်ငန်းအဆက်မပြတ်စေဘဲ ကျွန်ုပ်တို့ အောင်မြင်မှု၏ အုတ်မြစ်ဖြစ်သည့် မူဘောင်တစ်ခုကို ဖန်တီးပေးခဲ့ပါသည်။

ကျွန်ုပ်တို့၏ ၁၄၂ နှစ် သက်တမ်းကို ယုံကြည်မှုနှင့်အတူ ရိုးဖြောင့်မှန်ကန်မှုတို့ဖြင့် ပုံဖော်ခဲ့ပြီး ကျွန်ုပ်တို့၏ ဖောက်သည်များ၊ မိတ်ဖက်များ၊ တစ်ကမ္ဘာလုံးမှ လူ့အသိုင်းအဝိုင်းများနှင့် အရေးပါသက်ဆိုင်သူ အားလုံးကို ကျင့်ဝတ်နှင့်ညီသည့် ပုံစံမျိုးဖြင့် အလုပ်အကျွေးပြုရန် အားထုတ်သွားပါမည်။ အနာဂတ်ကို စောင့်မျှော်ရင်း ကျွန်ုပ်တို့အတွက် အခြားပြိုင်ဆိုင်သူများနှင့် ကွဲပြားသည့် ပုံစံများကို ဖော်ပြနိုင်ရုံသာမက ကျွန်ုပ်တို့၏ ပြုမူဆောင်ရွက်ပုံအရ ရှင်းလင်းစွာနှင့် ယုံကြည်မှုအပြည့် ရှေ့ဆက်သွားနိုင်ရန်လည်း အရေးကြီးပါသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းကျင့်ဝတ်များကို သင်ဖတ်ရှုထား၍ နားလည်ရမည်ဖြစ်ပြီး ၎င်းကျင့်ဝတ်များကို ခက်ခဲသည့် အခြေအနေများတွင် ကျွန်ုပ်တို့ ဆုံးဖြတ်ချက်ချခြင်းနှင့် လုပ်ဆောင်ခြင်းများအတွက် အကူအညီပေးနိုင်ရန် ဖန်တီးထားခြင်း ဖြစ်ပါသည်။ ကျင့်ဝတ်အရ မှန်ကန်သည့်အရာကို ရွေးချယ်ပြုလုပ်ခြင်းသည် ကျွန်ုပ်တို့၏ ဂုဏ်ယူဖွယ်အမွေနှင့် ရေရှည်အောင်မြင်မှုအတွက် အဓိကကျပုံကို တွေ့နိုင်ပါသည်။

ကျွန်ုပ်တို့၏ စည်းကမ်းလိုက်နာရေးအဖွဲ့သည် ကျွန်ုပ်တို့ အဖွဲ့အစည်း၏ မူဝါဒများနှင့် မျှော်လင့်ထားသည့် အပြုအမူများကို မျက်ခြေမပြတ် သိရှိနိုင်စေရန် အချိန်မှန် အသိပေးသွားမည် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဤကျင့်ဝတ်နှင့် ရင်းနှီးကျွမ်းဝင်ရန် ကြိုးပမ်းပြီး စည်းကမ်းလိုက်နာရာတွင် သင်လည်း တက်ကြွသည့်နေရာမှ ပါဝင်နိုင်သည်ကို သိစေလိုပါသည်။ ကျွန်ုပ်တို့ Ball ၏ ကျင့်ဝတ်နှင့်မညီသော အပြုအမူများကို တွေ့မြင်ပါက သို့မဟုတ် ကြားသိရပါက ကျေးဇူးပြု၍ ထုတ်ဖော်ပြောဆိုပါ။

Ball သည် ကျွန်ုပ်တို့ ဝန်ထမ်းများ၏ စိတ်အားထက်သန်မှု၊ အားထုတ်ပါဝင်မှုနှင့် ရိုးဖြောင့်မှန်ကန်မှုတို့ စုပေါင်းအားဖြင့် အောင်မြင်မှုရခဲ့သည့် နေရာတစ်ခု ဖြစ်ပါသည်။ မှန်သည့်အရာကိုသာ လုပ်ခြင်းဖြင့် ကျွန်ုပ်တို့တန်ဖိုးများကို နေ့တိုင်းဆက်လက်၍ ဖော်ထုတ်ပြသကြပါစို့။

Dan Fisher
ဥက္ကဋ္ဌနှင့်
အမှုဆောင် အရာရှိချုပ်



# စည်းကမ်းကြပ်မတ်ရေး မဟာမိတ်အဖွဲ့ထံမှ အမှာစကား

Ball မှာဆိုရင် မှန်ကန်တဲ့အရာကို နေ့စဉ်လုပ်ဆောင်ခြင်းဟာ ကျွန်ုပ်တို့ကုမ္ပဏီရဲ့ဓလေ့ထုံးစံဖြစ်တယ်လို့ ဖွင့်ဆိုသတ်မှတ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ထားပါတယ်။ မှန်ကန်သည်ကိုလုပ်ဆောင်ခြင်းဆိုတာက လုပ်ငန်းရှင်တွေလို ပြုမူဆောင်ရွက်ခြင်းနဲ့ ကျွန်ုပ်တို့ရဲ့ဆုံးဖြတ်ချက်တွေက ကျွန်ုပ်တို့ကုမ္ပဏီအပေါ် သက်ရောက်မှုရှိကြောင်း သိရှိထားခြင်းကို ဆိုလိုပါတယ်။ ကျွန်ုပ်တို့အနေနဲ့ စည်းကမ်းလိုက်နာရုံတင်မကဘဲ ဂုဏ်သိက္ခာရှိရှိ ပြုမူနေထိုင်ရမှာဖြစ်ပါတယ်။ မှန်ကန်တဲ့အရာကို လုပ်ဆောင်ခြင်းဟာ ကျွန်ုပ်တို့တစ်ဦးတစ်ယောက်စီတိုင်းကနေ အစပြုပြီး ဒါဟာ လူတိုင်းရဲ့တာဝန်ပဲဖြစ်ပါတယ်။

ကျွန်ုပ်တို့အားလုံးက Ball ရဲ့ဂုဏ်သိက္ခာစံနှုန်းတွေကို ထိန်းသိမ်းရာမှာ မဟာမိတ်တွေပဲဖြစ်ပါတယ်။ ပြီးတော့ စည်းကမ်းလိုက်နာမှုဆိုင်ရာ ဘယ်ခေါင်းစဉ်နဲ့မဆို ဆက်စပ်ပြီး မေးခွန်းတွေရှိလို့ပဲဖြစ်ဖြစ် စိုးရိမ်မှုတစ်ရပ်ကို ထုတ်ဖော်ချင်လို့ပဲဖြစ်ဖြစ် စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့က အဆင်သင့်ရှိပါတယ်။ နယ်ပယ်ဒေသတိုင်းနဲ့ လုပ်ငန်းခွဲတိုင်းမှာ စီးပွားရေးကျင့်ဝတ်တွေနဲ့ စည်းကမ်းလိုက်နာမှုခေါင်းစဉ်တွေဆိုင်ရာ လမ်းညွှန်ချက်တွေပေးနိုင်ဖို့ အဆင်သင့်ရှိနေတဲ့ ရွေးချယ်တာဝန်ပေးထားတဲ့ ပူးပေါင်းအဖွဲ့ သို့မဟုတ် **စည်းကမ်းကြီးကြပ်ရေးဗဟိုဆုံချက်နေရာတစ်ခု** ရှိပါတယ်။ Colorado ရှိ စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့ကို (compliancealliance@ball.com) ကနေတစ်ဆင့်လည်း သင်အမြဲဆက်သွယ်နိုင်ပါတယ်။ စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့ဟာ ကျင့်ဝတ်စည်းကမ်းကို ထိန်းသိမ်းပေးသူတွေဖြစ်တယ်လို့ တွေးထားပါ - ကျွန်ုပ်တို့က အမှားအမှန်ပိုင်းခြားရာမှာ သင့်ကိုကူညီပေးမယ့် အားကိုးအားထားရာတစ်ခုဖြစ်ပါတယ်။

ဒီကျင့်ဝတ်စည်းကမ်းဟာ သင့်ကို ကျွန်ုပ်တို့ရဲ့မူဝါဒတွေနဲ့ လုပ်ထုံးလုပ်နည်းတွေဆိုင်ရာ အရေးကြီးအချက်အလက်တွေ၊ စည်းကမ်းကြီးကြပ်ရေး အရေးပေါ်ဖုန်းနံပါတ်နဲ့ Ball ရဲ့ဝန်ထမ်းတွေအဖြစ် ကျွန်ုပ်တို့တစ်ဦးချင်းစီအပေါ် မျှော်မှန်းထားတာတွေကို ပြောပြသွားမှာဖြစ်ပါတယ်။


သတင်းရင်းမြစ်များအကြောင်း နောက်ထပ်အချက်အလက်များအတွက် ရင်းမြစ်များဆိုင်ရာ ကဏ္ဍကို ကိုးကားပါ သို့မဟုတ် BallConnect ရှိ **စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့** စာမျက်နှာကို ကြည့်ရှုပါ။

COMPLIANCE ALLIANCE

Starts with YOU

# ကျွန်ုပ်တို့က ဘယ်သူတွေလဲ

ကျွန်ုပ်တို့၏ ခမ်းနားသောသမိုင်းကြောင်းအတွက် ဂုဏ်ယူစွာဖြင့် ကျွန်ုပ်တို့ကုမ္ပဏီကို တီထွင်ဆန်းသစ်မှု၊ စုပေါင်းလုပ်ဆောင်မှုနှင့် သာလွန်ကောင်းမွန်မှုအား မဆုတ်မနစ်ရှာဖွေခြင်းဟူသည့် အခြေခံမူများဖြင့် တည်ထောင်ထားပါသည်။ လမ်းညွှန် အခြေခံမူ 10 ချက်အတွက် ကျွန်ုပ်တို့၏ တွန်းအားပေးလှုံ့ဆော်မှုနှင့်ကိုက်ညီသော နည်းလမ်းတစ်ရပ်ဖြင့် ဖောက်သည်များကို တိုင်းတာနိုင်သောတန်ဖိုးများ ပေးစွမ်းရန် ကျွန်ုပ်တို့၏လူများ အတူတကွစုစည်းကြပါသည်။ ကျွန်ုပ်တို့သည် *အထိအခိုက်မရှိ ခိုင်မာသော ဂုဏ်သိက္ခာနှင့်အတူ* လည်ပတ်နေပြီး မှန်ကန်သည့်နည်းလမ်းဖြင့် မှန်ကန်သည်ကိုလုပ်ဆောင်ရန် အစဉ်အမြဲရှာဖွေနေပါသည်။ ကွဲပြားသောအတွေးအခေါ်များကို လက်ခံအားပေးခြင်းနှင့် ဝန်ထမ်းအားလုံးနှင့်ဆိုင်သော လုပ်ငန်းခွင်တစ်ခု ဖန်တီးခြင်းတို့အပေါ် ကျွန်ုပ်တို့၏ အားစိုက်လုပ်ဆောင်မှုသည် ကောင်းမွန်သောပြောင်းလဲမှုကို အတူတကွတွန်းအားပေးသည့် ကျွန်ုပ်တို့၏ "One Ball" ရည်မှန်းချက်နှင့် စွမ်းရည်တို့ကို ပိုမိုအားကောင်းစေပါသည်။



## အထိအခိုက်မရှိ ခိုင်မာသော ဂုဏ်သိက္ခာ

ကျွန်ုပ်တို့က အခြားသူများကို မိမိအပေါ် ဆက်ဆံစေချင်သကဲ့သို့ ပြုမူဆက်ဆံပါသည်။ ထိုသို့လုပ်ခြင်းအားဖြင့် ကျင့်ဝတ်နှင့်ညီသောအမူအကျင့်များကြောင့် လူသိများသည့် ကျွန်ုပ်တို့၏ဂုဏ်သတင်းကို ထိန်းသိမ်းပါသည်။

## ဖောက်သည်များနှင့် နီးကပ်စွာရှိနေခြင်း

ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ဖောက်သည်များနှင့် ပိုမိုနီးကပ်စေရန် ဆောင်ကျဉ်းပေးမည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရန် ကျွန်ုပ်တို့ ကတိကဝတ်ပြုထားပါသည်။ အသင်းအဖွဲ့တစ်ခုအဖြစ် တီထွင်ဆန်းသစ်နိုင်ရန်နှင့် အခက်အခဲများကိုဖြေရှင်းနိုင်ရန် ကျွန်ုပ်တို့၏ကျွမ်းကျင်မှုနှင့် မိတ်ဖက်များကို ဖောက်သည်များနှင့် မျှဝေပါသည်။

## လုပ်ငန်းရှင်များကဲ့သို့ ပြုမူဆောင်ရွက်ခြင်း

ကျွန်ုပ်တို့စီးပွားရေးလုပ်ငန်း၏ စစ်မှန်သော လုပ်ငန်းရှင်များကဲ့သို့ ပြုမူခြင်းနှင့် ကျွန်ုပ်တို့၏ ရေရှည်အောင်မြင်မှုအပေါ် နက်ရှိုင်းစွာစိတ်ပါဝင်စားမှုရှိခြင်းတို့ဖြင့် ကျွန်ုပ်တို့သည် - One Ball အနေဖြင့် - သာလွန်ကောင်းမွန်သောရလဒ်များကို ရရှိပါသည်။

## အသေးစိတ်ကအစ အာရုံစိုက်လုပ်ဆောင်ခြင်း

အသေးစိတ်ကအစ တစိုက်မတ်မတ်အာရုံစိုက်ပြီး ကျွန်ုပ်တို့၏လုပ်ငန်းများကို စီမံခြင်းအားဖြင့် ကျွန်ုပ်တို့သည် Ball ကို အားလုံးသော အကျိုးစီးပွားပတ်သက်နေသူများအတွက် ထူးခြားကောင်းမွန်သော တန်ဖိုးများ တစ်သမတ်တည်းပေးစွမ်းနိုင်သော အနေအထားတွင် ရှိစေပါသည်။

## ဆန်းသစ်တီထွင်မှုရှိခြင်း

ကောင်းမွန်သောပြောင်းလဲမှုကို တွန်းအားပေးရန် နည်းလမ်းတစ်ရပ်အဖြစ် ရေရှည်တည်တံ့ရေးကတိကဝတ်များအပေါ် အာရုံစိုက်လုပ်ဆောင်ချိန်တွင် ကျွန်ုပ်တို့၏လုပ်ငန်းစဉ်များ၊ ထုတ်ကုန်များနှင့် လုပ်ငန်းလုပ်ကိုင်ပုံတို့တွင် တီထွင်ဆန်းသစ်မှုရှိစေရန် ကြိုးပမ်းပါသည်။

# မာတိကာ




DAN FISHER ထံမှ အမှာစကား i

စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့ထံမှ အမှာစကား ii

ကျွန်ုပ်တို့က ဘယ်သူတွေလဲ iii

မိတ်ဆက် 1

- ရည်ရွယ်ချက်
- သက်ဆိုင်မှု
- မည်သည့်ကိုပြုလုပ်ရမည်ဖြစ်ကြောင်း မသေချာဘဲဖြစ်နေပါသလား။ ဒီဉာဏ်စမ်းကိုဖြေလိုက်ပါ

ကျွန်ုပ်တို့၏ မျှော်မှန်းချက်များ 3

- ကျွန်ုပ်တို့၏ တာဝန်များကို သိရှိနားလည်ခြင်း
- မန်နေဂျာများအတွက် ထပ်ဆောင်းတာဝန်များ
- စည်းကမ်းလိုက်နာမှုမရှိသည့်အတွက် ကုန်ကျစရိတ်

ကျွန်ုပ်တို့၏မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို ဖြေရှင်းခြင်း 5

- စည်းကမ်းလိုက်နာခြင်းဆိုင်ရာ စိုးရိမ်ပူပန်မှုများကို အစီရင်ခံခြင်းနှင့် မေးခွန်းများမေးမြန်းခြင်း
- အရေးပေါ်ဖုန်းနံပါတ် သတင်းရင်းမြစ်များ
- စည်းကမ်းလိုက်နာမှုဆိုင်ရာ အစီရင်ခံစာများကို စုံစမ်းစစ်ဆေးခြင်း
- လက်တုံ့ပြန်မှုကို တားမြစ်ခြင်း

အချင်းချင်းအပြန်အလှန်လေးစားခြင်း 9

- ခွဲခြားဆက်ဆံမှုကို တားမြစ်ခြင်း
- ထိပါးနှောင့်ယှက်မှုကို တားမြစ်ခြင်း
- ဒေတာများကို သီးသန့်လျှို့ဝှက်ထားခြင်း
- လုပ်အားခနှင့် ကလေးအလုပ်သမားဥပဒေများအား လိုက်နာဆောင်ရွက်ခြင်း
- လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးကို ကာကွယ်ပေးခြင်း
    - လုပ်ငန်းခွင်တွင်းအကြမ်းဖက်မှုနှင့် လက်နက်များကို တားမြစ်ခြင်း
    - ဆေးဝါးများအား တလွဲအသုံးပြုမှုကို တားဆီးကာကွယ်ခြင်း

ကျွန်ုပ်တို့၏ကုမ္ပဏီကို ကာကွယ်ခြင်း 13

- အကျိုးစီးပွားပဋိပက္ခများကို ရှောင်ရှားခြင်း
- မှန်ကန်တိကျသော စာရင်းဇယားများနှင့် မှတ်တမ်းများထားရှိခြင်း
- အစိုးရစာရင်းစစ်ဆေးမှုများ၊ မေးမြန်းစုံစမ်းမှုများနှင့် စုံစမ်းစစ်ဆေးမှုများကို တုံ့ပြန်ခြင်း
- ကျွန်ုပ်တို့ကုမ္ပဏီ၏ အချက်အလက်များကို ကာကွယ်ခြင်း
    - အတွင်းလူမှ တရားမဝင်အမြတ်ထုတ် လုပ်ကိုင်မှုကို ကာကွယ်ခြင်း
    - ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ကုမ္ပဏီ၏လျှို့ဝှက်အချက်အလက်များကို ကာကွယ်ခြင်း
    - ရုပ်ဝတ္ထုပစ္စည်းများကို ကာကွယ်ခြင်း
    - သတင်းအချက်အလက်များကို လုံခြုံအောင်ပြုလုပ်ခြင်း
    - လူမှုကွန်ရက်ကို အသုံးပြုခြင်း
    - ရင်းနှီးမြှုပ်နှံသူများ၊ မီဒီယာနှင့် စိတ်ဝင်စားမှုအခြေပြုအဖွဲ့များနှင့် ပြောဆိုဆက်ဆံခြင်း

ကျွန်ုပ်တို့၏ ဖောက်သည်များ၊ ပစ္စည်းတင်သွင်းသူများနှင့် အခြားစီးပွားရေးမိတ်ဖက်များနှင့် အပြန်အလှန်အကျိုးပြုခြင်း 20

- လက်ဆောင်ပဏ္ဏာနှင့် ဆုကြေးများ ပေးခြင်းနှင့် လက်ခံခြင်း
- လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုကို ရှောင်ရှားခြင်း
- တရားသဖြင့် စီးပွားရေးလုပ်ကိုင်ခြင်း
    - မျှတသောယှဉ်ပြိုင်မှု
- မျှတသော ရောင်းချမှုနှင့် ဈေးကွက်ချဲ့ထွင်ခြင်းအလေ့အထများ
- ထုတ်ကုန်အရည်အသွေး

ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းများကို ထောက်ပံ့ပေးခြင်း 25

- သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း
- လူမှုအဖွဲ့အစည်းအတွင်း ပါဝင်မှု
    - ရေရှည်တည်တံ့မှု
    - ပရဟိတအဖွဲ့အစည်းများ
- နိုင်ငံရေးလှုပ်ရှားမှုများတွင် တာဝန်သိစွာပါဝင်ခြင်း
- စီးပွားရေးနှင့် ကုန်သွယ်ရေး ပိတ်ဆို့မှုများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း
- ငွေကြေးခဝါချမှုကို ရှောင်ရှားခြင်း
- စီးပွားရေးအသိဉာဏ်ကို မျှတစွာတိုးမြှင့်ခြင်း
- လုပ်ပိုင်ခွင့်စွန့်လွှတ်မှုများကို ထုတ်ဖော်အသိပေးခြင်း

ထပ်ဆောင်းသတင်းရင်းမြစ်များ 30



Ball Corporation | စီးပွားရေးလုပ်ငန်း ကျင့်ဝတ်စည်းကမ်းများ

# မိတ်ဆက်

ကျွန်ုပ်တို့ကုမ္ပဏီ၏စံတန်ဖိုးများကို ကမ္ဘာတစ်ဝှမ်းတွင် ကျွန်ုပ်တို့ရင်ဆိုင်နေရသည့် နေ့စဉ်နှင့်အမျှဖြစ်ပေါ်နေသော စီးပွားရေးအခြေအနေများ၌ ကျင့်သုံးရာတွင် ကျွန်ုပ်တို့ကို အထောက်အကူပြုစေရန် Ball ၏ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို စီမံရေးဆွဲထားခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်းများကို ကျင့်ဝတ်နှင့်ကိုက်ညီသော မြင့်မားသည့်စံနှုန်းများဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းချက်များနှင့် ကုမ္ပဏီ၏မူဝါဒများအားလုံးကို လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပါသည်။ Ball တွင် စည်းကမ်းလိုက်နာခြင်းသည် ဥပဒေများကိုနာခံခြင်းဆိုသည်ထက် ပိုပါသည်၊ ၎င်းသည် ဖောက်သည်များ၊ ပစ္စည်းတင်သွင်းသူများ၊ လူမှုအဖွဲ့အစည်းများ၊ ကျွန်ုပ်တို့၏အကျိုးစီးပွားပတ်သက်သူ အစုအဖွဲ့တစ်ခုလုံးနှင့်အတူ လုပ်ငန်းအား ကျွန်ုပ်တို့ချဉ်းကပ်လုပ်ဆောင်ပုံ ဖြစ်ပါသည်။

## ရည်ရွယ်ချက်

စည်းကမ်းလိုက်နာမှုဆိုင်ရာ ယေဘုယျပြဿနာရပ်များကို သတ်မှတ်ဖော်ထုတ်ရန်နှင့် မှန်ကန်သည့်ဆုံးဖြတ်ချက်များချရာတွင် ကျွန်ုပ်တို့အားလုံးကို ကူညီပေးနိုင်ရန်အတွက် လမ်းညွှန်ချက်များနှင့် သတင်းရင်းမြစ်များကိုပေးရန် ကျင့်ဝတ်စည်းကမ်းများကို စီမံရေးဆွဲထားခြင်းဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့ရင်ဆိုင်ရနိုင်သည့် ပြဿနာရပ်အားလုံးကို ကျင့်ဝတ်စည်းကမ်းများက ကြိုတင်တွေးတောခန့်မှန်းနိုင်ခြင်း မရှိပါ၊ ထို့ကြောင့် သင့်တွင် ကျင့်ဝတ်စည်းကမ်းနှင့်ပတ်သက်၍ သို့မဟုတ် စီးပွားရေးကျင့်ဝတ်ဆိုင်ရာ စိုးရိမ်ပူပန်မှုတစ်ခုနှင့်ပတ်သက်၍ မေးခွန်းများရှိပါက သင့်မန်နေဂျာ၊ လူ့စွမ်းအားအရင်းအမြစ်ကိုယ်စားလှယ် သို့မဟုတ် စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့တို့ကို ဆက်သွယ်သင့်ပါသည်။

ကျင့်ဝတ်စည်းကမ်းများနှင့် ကျွန်ုပ်တို့၏ မူဝါဒများကို ကျွန်ုပ်တို့ထိန်းသိမ်းလိုက်နာမှုသည် Ball ၏ အောင်မြင်မှု ရှေ့ဆက်နိုင်ရန်အတွက် အလွန်အရေးပါလှပါသည်။ ကျွန်ုပ်တို့ ကော်ပိုရိတ်၏ ဂုဏ်သတင်းသည် ကျွန်ုပ်တို့နေ့စဉ်ပြုလုပ်နေသော လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များပေါ်တွင် မူတည်ပါသည်။ ကျင့်ဝတ်နှင့်ကိုက်ညီ၍ ဥပဒေအတိုင်း လုပ်ဆောင်နိုင်ရန် ကျွန်ုပ်တို့လုပ်နိုင်သမျှကို လုပ်ခြင်းဖြင့် ကျွန်ုပ်တို့၏ အကျိုးစီးပွားပတ်သက်နေသူများထံမှ စိတ်ချယုံကြည်မှုနှင့် ယုံကြည်ကိုးစားမှုကို ရရှိနိုင်မည့်အနေအထားတွင်ရှိအောင် ကျွန်ုပ်တို့ကိုယ်တိုင်ပြုလုပ်ပါသည်။

**Ball ၏ ဝန်ထမ်းများအဖြစ် ကျွန်ုပ်တို့သည် ကျင့်ဝတ်နှင့်ကိုက်ညီသော မြင့်မားသည့်စံနှုန်းများကို အသုံးပြု၍ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းကိစ္စရပ်များအားလုံးကို စီမံဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပါသည်။**

# သက်ဆိုင်မှု

ကျင့်ဝတ်စည်းကမ်းသည် Ball Corporation နှင့် ၎င်း၏လုပ်ငန်းခွဲများ၊ စီးပွားရေးလုပ်ငန်းများနှင့် လက်အောက်ခံ ကုမ္ပဏီခွဲများနှင့် ကုမ္ပဏီမှ 50 ရာခိုင်နှုန်းထက်ပို၍ပိုင်ဆိုင်သော ပူးတွဲလုပ်ငန်းများအားလုံးနှင့် သက်ဆိုင်ပါသည်။ ကျင့်ဝတ်စည်းကမ်းသည် Ball ၏ ပိုင်ဆိုင်မှုရာခိုင်နှုန်း မည်မျှရှိသည်ဖြစ်စေ ပူးတွဲလုပ်ငန်းများမှတစ်ဆင့် ခန့်အပ်သော Ball ဝန်ထမ်းမှန်သမျှနှင့်လည်း သက်ဆိုင်ပါသည်။ ဆက်လက်၍ ပစ္စည်းတင်သွင်းသူများနှင့် ကိုယ်စားလှယ်များ အပါအဝင် Ball ၏ လုပ်ငန်းမိတ်ဖက်များအား ကျင့်ဝတ်စည်းကမ်းတွင် ဖော်ပြထားသော အခြေခံမူများကို စောင့်ထိန်းလိုက်နာရန် ကျွန်ုပ်တို့တိုက်တွန်းသင့်ပါသည်။

## မည်သည်ကိုလုပ်ရမည်ဖြစ်ကြောင်း မသေချာဘဲဖြစ်နေပါသလား။

## ဤဥာဏ်စမ်းမေးခွန်းကို ဖြေလိုက်ပါ

ဝန်ထမ်းများအားလုံးသည် ၎င်းတို့၏အကောင်းဆုံးသော ဆင်ခြင်သုံးသပ်နိုင်စွမ်းကို အသုံးချသင့်ပြီး Ball ၏ စီးပွားရေးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်လျော်ညီ၍ ကျင့်ဝတ်နှင့်ညီသော နည်းလမ်းဖြင့် စီမံဆောင်ရွက်ရမည်ဖြစ်သည်။ အခြေအနေတစ်ခုခုတွင် သင် မည်သို့ပြုမူလုပ်ဆောင်သင့်သည်ကို မသေချာမရေရာဖြစ်နေလျှင် အောက်ပါမေးခွန်းများကို မိမိကိုယ်ကို မေးကြည့်ပါ -

**၎င်းသည် တရားဝင်ပါသလား။**

| ဟုတ်ပါသည် - ဆက်လက်လုပ်ဆောင်ပါ | မဟုတ်ပါ - ရပ်ပါ |
|---|---|

**၎င်းသည် ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းကမ်းများ၊ မူဝါဒများနှင့် ကိုက်ညီပါသလား။**

| ဟုတ်ပါသည် - ဆက်လက်လုပ်ဆောင်ပါ | မဟုတ်ပါ - ရပ်ပါ |
|---|---|

**၎င်းသည် မည်ကဲ့သို့ရှိမည်နည်း -- ကျွန်ုပ်၏ဆုံးဖြတ်ချက်ကို ကာကွယ်ပြောဆို၍ရနိုင်သလား။**

| ဟုတ်ပါသည် - ဆက်လက်လုပ်ဆောင်ပါ | မဟုတ်ပါ - ရပ်ပါ |
|---|---|

**၎င်းသည် မှန်ကန်သည်ဟု ခံစားရပါသလား။ အခြားသူများ ဤအကြောင်းကို သိရှိခဲ့လျှင် ကျွန်ုပ်အဆင်ပြေနိုင်ပါသလား။**

| ဟုတ်ပါသည် - ဆက်လက်လုပ်ဆောင်ပါ | မဟုတ်ပါ - ရပ်ပါ |
|---|---|

သင့်အနေဖြင့် မေးခွန်းအားလုံးကို "ဟုတ်ပါသည်" ဟု ပြတ်ပြတ်သားသားဖြေနိုင်သင့်ပါသည်။ မဖြစ်နိုင်ပါက ရှေ့ဆက်ဆောင်ရွက်မှုများမပြုလုပ်ခင် သင့်မန်နေဂျာ၊ လူ့စွမ်းအားအရင်းအမြစ် ကိုယ်စားလှယ် သို့မဟုတ် စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့တို့နှင့် စကားပြောကြည့်သင့်ပါသည်။ သင် မသေချာမရေရာဖြစ်နေပါက လမ်းညွှန်ချက်တောင်းခံပါ။

## သင် ပြဿနာတစ်ရပ်တွေ့ပါက မေးမြန်းပါ။ သင် မသေချာမရေရာပါက မေးမြန်းပါ။





# ကျွန်ုပ်တို့၏မျှော်မှန်းချက်များ

## ကျွန်ုပ်တို့၏တာဝန်များကို သိရှိနားလည်ခြင်း

Ball ဝန်ထမ်းများအနေဖြင့် - မည်သည့်နေရာတွင် လုပ်ကိုင်သည် သို့မဟုတ် မည်သည်တို့ကိုလုပ်ကိုင်သည်ဖြစ်စေ ကျွန်ုပ်တို့သည် ဖောက်သည်များ၏ လိုအပ်ချက်များ၊ ကျွမ်းကျင်မှုစံနှုန်းများနှင့် ကိုက်ညီစေရန် ကျွန်ုပ်တို့၏ကျွမ်းကျင်မှုနှင့် စွမ်းရည်များကို အသုံးချရမည်သာမက ကျွန်ုပ်တို့၏ လုပ်ကိုင်ပုံနှင့် ထုတ်ကုန်ပစ္စည်းမှာ သက်ဆိုင်သည့် ဥပဒေရေးရာနှင့် ကျင့်ဝတ်ဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီကြောင်း သေချာစေမည့် နည်းလမ်းအတိုင်း ထိုသို့လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ကျင့်ဝတ်စည်းကမ်း၊ ကုမ္ပဏီမူဝါဒများနှင့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ဖတ်ရှုနားလည်ပြီး လိုက်နာခြင်းအားဖြင့် ကျွန်ုပ်တို့ ဤသည်ကိုလုပ်ဆောင်ပါသည်။

**BallConnect** တွင် Ball ၏ မူဝါဒများဆိုင်ရာ နောက်ထပ်အချက်အလက်များကို ရှာဖွေပါ။

## မန်နေဂျာများအတွက် ထပ်ဆောင်းတာဝန်များ

ကျွန်ုပ်တို့အားလုံးသည် ကော်ပိုရိတ် စည်းကမ်းထိန်းသိမ်းရေးအတွက် တာဝန်ရှိသော်လည်း မန်နေဂျာများမှာ ၎င်းတို့ဩဇာညောင်းသည့်နေရာအတွင်း စည်းကမ်းလိုက်နာစေရန် ထိန်းသိမ်းခြင်းနှင့် စံနမူနာပြ ဦးဆောင်ခြင်းဆိုင်ရာ ထပ်ဆောင်းတာဝန်များရှိပါသည်။ မန်နေဂျာများသည် လုပ်ငန်းစီမံဆောင်ရွက်မှုဆိုင်ရာ အမြင့်မားဆုံးစံနှုန်းများကို သတ်မှတ်ရမည်ဖြစ်ပြီး ကျင့်ဝတ်စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းကို သရုပ်ပြလုပ်ဆောင်ရပါမည်။ ထို့အပြင် မန်နေဂျာများသည် အခြားသူများတွင် စည်းကမ်းလိုက်နာမှုနှင့် ကိုယ်တိုင်တာဝန်ခံမှုရှိလာအောင် လှုံ့ဆော်ပေးနိုင်ရန်နှင့် မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို တုံ့ပြန်ဖြေကြားပေးနိုင်ရန် မျှော်မှန်းထားပါသည်။ သင်သည် မန်နေဂျာတစ်ယောက်ဖြစ်ပါက ကျွန်ုပ်တို့မူဝါဒများနှင့် အကျွမ်းတဝင်ရှိရုံသာမက သင်၏အဖွဲ့များနှင့်လည်း အောက်ပါအကြောင်းအရာများနှင့် ပတ်သက်သည်များကို ဆက်သွယ်ပြောဆိုနိုင်မည်ဟု မျှော်မှန်းထားပါသည် -

- ကော်ပိုရိတ် စည်းကမ်းလိုက်နာမှုကို ထိန်းသိမ်းရန်နှင့် ဂုဏ်သိက္ခာရှိရှိ ပြုမူဆောင်ရွက်နိုင်ရန် မိမိတို့၏တာဝန်ဝတ္တရားကို သင်၏ဝန်ထမ်းများ သေချာစွာသိရှိနားလည်စေခြင်း။
- သင့်ထံ တိုက်ရိုက်အစီရင်ခံသူများနှင့် အခြားဝန်ထမ်းများအတွက် မေးခွန်းမေးမြန်းခြင်း၊ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားခြင်းနှင့် မှားယွင်းသောလုပ်ရပ် တွေ့ရှိရသည်ကို တင်ပြခြင်းတို့ပြုလုပ်ရာတွင် အဆင်ပြေနိုင်မည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးခြင်း။
- မှားယွင်းသောလုပ်ရပ်များ သို့မဟုတ် ချိုးဖောက်မှုများကို တိုင်ကြားရန် သတင်းရင်းမြစ်များ အသုံးပြုနိုင်ကြောင်းနှင့် စိတ်ကောင်းစေတနာဖြင့် တိုင်ကြားသူတစ်ဦးဦးကို လက်တုံ့ပြန်ခြင်းအား Ball က တားမြစ်ထားကြောင်း သင့်ဝန်ထမ်းများ သေချာစွာသိရှိနားလည်စေခြင်း။

## စည်းကမ်းလိုက်နာမှုမရှိသည့်အတွက် ကုန်ကျစရိတ်

ကျင့်ဝတ်စည်းကမ်း၊ ကျွန်ုပ်တို့၏မူဝါဒများ သို့မဟုတ် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ချိုးဖောက်မှုသည် ပါဝင်သောလူတစ်ဦးတစ်ယောက်တိုင်းနှင့် ကျွန်ုပ်တို့ကုမ္ပဏီအတွက် ကြီးမားသည့်အကျိုးဆက်များကို ဖြစ်စေနိုင်ပါသည်။ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ တာဝန်များကို ကျေပွန်အောင်မဆောင်ရွက်သော ဝန်ထမ်းများနှင့် ခေါင်းဆောင်များသည် စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူခံရနိုင်ပြီး အလုပ်မှထုတ်ပယ်သည်အထိဖြစ်နိုင်သည်။ စည်းကမ်းချိုးဖောက်မှုများသည် တစ်ဦးတစ်ယောက်စီတိုင်းနှင့် ကျွန်ုပ်တို့ကုမ္ပဏီအတွက် တရားမကြောင်းအရ သို့မဟုတ် ပြစ်မှုဆိုင်ရာအရ ပေးလျော်ရန် တာဝန်ရှိမှု၊ ဂုဏ်သတင်းကျဆင်းမှုနှင့် ဒဏ်ကြေးပေးဆောင်ရမှုတို့ကိုလည်း ဖြစ်စေနိုင်ပါသည်။ ကျင့်ဝတ်စည်းကမ်းချိုးဖောက်ခြင်းအတွက် အကျိုးဆက်များသည် လုပ်ငန်းခွဲများ၊ စီးပွားရေးလုပ်ငန်းများနှင့် လက်အောက်ခံကုမ္ပဏီခွဲများမှ ဝန်ထမ်းများအပြင် ပူးတွဲလုပ်ငန်းတစ်ခုရှိ တစ်ဆင့်ခံဝန်ထမ်းများအပါအဝင် Ball ဝန်ထမ်းအားလုံးအပေါ် သက်ရောက်မှုရှိပါသည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **ကော်ပိုရိတ်စည်းကမ်းကြီးကြပ်ရေးမူဝါဒ** ကို ကိုးကားပါ။





# ကျွန်ုပ်တို့၏ မေးခွန်းများနှင့် အမှုထားရမည့်ကိစ္စများကို ဖြေရှင်းခြင်း

## စည်းကမ်းလိုက်နာခြင်းဆိုင်ရာ စိုးရိမ်ပူပန်မှုများကို အစီရင်ခံခြင်း နှင့် မေးခွန်းများမေးမြန်းခြင်း

သင်သည် မှားယွင်းသောလုပ်ရပ် သို့မဟုတ် ကျင့်ဝတ်စည်းကမ်း၊ Ball မူဝါဒများ သို့မဟုတ် ဥပဒေကို ချိုးဖောက်မှုကို တွေ့ရှိပါက သို့မဟုတ် ကော်ပိုရိတ် စည်းကမ်းကြီးကြပ်ရေးနှင့်ပတ်သက်၍ မေးမြန်းလိုပါက သင့်မန်နေဂျာ၊ လူစွမ်းအား အရင်းအမြစ်ကိုယ်စားလှယ် သို့မဟုတ် စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့နှင့် ဆွေးနွေးတိုင်ပင်ပါ။

အစီရင်ခံရာ၌ ဒေသန္တရဥပဒေအရ ခွင့်ပြုထားသည့်နေရာတွင် သင့်ကိုယ်သင် မည်သူဖြစ်ကြောင်း ဖော်ပြရန်မလိုပါ။ သင့်ကိုယ်သင်မည်သူဖြစ်ကြောင်းဖော်ပြရန် ရွေးချယ်ပါက လျှို့ဝှက်ထားရန် သင်တောင်းဆိုနိုင်ပြီး သင် မည်သူမည်ဝါ ဖြစ်ကြောင်း အချက်အလက်များသည် ဖြစ်နိုင်သည့်အခါတိုင်း လျှို့ဝှက်အဖြစ် ဆက်ရှိနေမည်ဖြစ်သည်။ အစီရင်ခံစာများနှင့် တိုင်ကြားချက်များကို ဒေသန္တရတရားဥပဒေပြဋ္ဌာန်းချက်များအရ ဖြစ်နိုင်သည့်အတိုင်းအတာအထိ လျှို့ဝှက်စွာ သိမ်းဆည်းထားမည်ဖြစ်သည်။

သင်၏သီးခြားနယ်ပယ်ဒေသ သို့မဟုတ် လုပ်ငန်းခွဲတွင် Ball ၏ ကော်ပိုရိတ်မူဝါဒများနှင့် ကျင့်ဝတ်စည်းကမ်းတို့ကို ခိုင်မာစေရန်နှင့် အားဖြည့်ပေးရန်အတွက်ရေးဆွဲထားသော ကျင့်ဝတ်ဆိုင်ရာ သတ်မှတ်ချက်များနှင့် လက်စွဲစာအုပ်များ အပါအဝင် ထပ်ဆောင်းမူဝါဒများ ရှိနိုင်သည်။ သင့်နယ်ပယ်ဒေသ သို့မဟုတ် လုပ်ငန်းခွဲ၏ မူဝါဒများနှင့် သင်ကိုယ်တိုင် အကျွမ်းတဝင်ရှိစေရန် အချိန်ယူပါ။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **ကော်ပိုရိတ်စည်းကမ်းကြီးကြပ်ရေးမူဝါဒ** ကို ကိုးကားပါ။

## အရေးပေါ်ဖုန်းနံပါတ် ရင်းမြစ်များ

သင်၏စိုးရိမ်ပူပန်မှုများကို အစီရင်ခံရန် အောက်ပါဆက်သွယ်ရေးလမ်းကြောင်းများမှ တစ်ခုကိုသုံးပါ သို့မဟုတ် နောက်ထပ်အချက်အလက်များနှင့် ဖုန်းခေါ်ဆိုခပေးရန်မလိုသော ပြည်တွင်းဖုန်းနံပါတ်များအတွက် ဤကျင့်ဝတ်စည်းကမ်းရှိ သတင်းရင်းမြစ်များကဏ္ဍကို ကိုးကားပါ။ အရေးပေါ်ဖုန်းနံပါတ်ကို သီးခြားလွတ်လပ်သော ကြားခံအဖွဲ့တစ်ဖွဲ့မှ ဆောင်ရွက်နေပြီး တစ်ပတ်လျှင် ခုနှစ်ရက်၊ တစ်ရက်လျှင် 24 နာရီ ခေါ်ဆိုနိုင်ပါသည်။


### ထုတ်ဖော်ပြောကြားပါ။ Ball ၏ ကျင့်ဝတ်နှင့်ကိုက်ညီသော ဓလေ့ထုံးစံနှင့် အောင်မြင်မှုကို ထိန်းသိမ်းရန်အတွက် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါသည်။

အွန်လိုင်းမှ အစီရင်ခံစာပေးပို့ရန်နှင့် ဖုန်းခေါ်ဆိုခပေးရန်မလိုသော ပြည်တွင်းဖုန်းနံပါတ်များကို ရရှိနိုင်ရန် ballcompliancehotline.com သို့ သွားရောက်ကြည့်ရှုပါ

Ball – ကော်ပိုရိတ်နှင့် ထုပ်ပိုးမှု (အမေရိကန်ပြည်ထောင်စုသီးသန့်)- **1-800-270-2879**

Ball လေကြောင်း- **1-800-496-5962**

သင်၏ပြည်တွင်း အရေးပေါ်ဖုန်းနံပါတ်ကို သိရှိရန်အတွက် ဤစာရွက်စာတမ်းအဆုံးရှိ "**ထပ်ဆောင်း သတင်းရင်းမြစ်များ**" ကို ကိုးကားပါ။ အစိုးရ အေဂျင်စီများနှင့် အဖွဲ့အစည်းများထံ အစီရင်ခံစာများနှင့် ပတ်သက်၍ အချက်အလက်များပိုမိုသိရှိရန် အစိုးရ စာရင်းစစ်များ၊ မေးမြန်းမှုများနှင့် စုံစမ်းစစ်ဆေးမှုများကို ဖြေကြားခြင်းကဏ္ဍကို ဖတ်ရှုပါ။



# စည်းကမ်းလိုက်နာမှုဆိုင်ရာ အစီရင်ခံစာများကို စုံစမ်းစစ်ဆေးခြင်း

လူတိုင်းသည် ကုမ္ပဏီ၏ စည်းကမ်းလိုက်နာမှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း မှန်သမျှတွင် အပြည့်အဝပူးပေါင်းလုပ်ဆောင်မည်ဟု မျှော်မှန်းထားပါသည်။ စုံစမ်းစစ်ဆေးမှုများကို Ball ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ်မှာ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးပြီး အစီရင်ခံစာအားလုံးကို သတိထား၍ ပြန်လည်သုံးသပ်နိုင်စေမည်ဖြစ်သည်။ စုံစမ်းစစ်ဆေးမှုတစ်ခုတွင် ကူညီပေးရန် တောင်းဆိုခံရပါက ကျွန်ုပ်တို့သည် ရိုးသားဖြောင့်မတ်ရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှုနှင့် ဆက်စပ်နိုင်သည့် အချက်အလက်မှန်သမျှ အားလုံးကို မျှဝေရပါမည်။ ထို့ပြင် စုံစမ်းစစ်ဆေးမှုတစ်ခု၏ ရလဒ်ကို အဟန့်အတားဖြစ်စေပြီး ၎င်းအပေါ်လွှမ်းမိုးရန် ကြိုးပမ်းသည့် နည်းလမ်းတစ်ခုခုဖြင့် ကျွန်ုပ်တို့မပြုမူရပါ။ စုံစမ်းစစ်ဆေးမှုတစ်ခု၌ ပါဝင်ဆောင်ရွက်ချိန်တွင် လျှို့ဝှက်ထိန်းသိမ်းခြင်းနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်မှုအား ကန့်သတ်ခြင်းတို့နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးသူ၏ လမ်းညွှန်ချက်များကို ကျွန်ုပ်တို့ လိုက်နာရပါမည်။

## ဤသည်တို့ကို မှတ်သားထားပါ

- Ball ၏ မူဝါဒများကို ချိုးဖောက်နိုင်သည့်လုပ်ရပ်နှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများကို ပေးပို့တင်ပြရာတွင် သင်သည် စိတ်ကောင်းစေတနာဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။
- မူဝါဒချိုးဖောက်မှုဖြစ်မဖြစ်ကို ဆုံးဖြတ်ရာတွင် စုံစမ်းစစ်ဆေးသူများကို အကူအညီဖြစ်စေမည့် စာဖြင့်ရေးသားဖော်ပြချက်များ၊ ရုပ်ပုံများနှင့် အခြားဆက်သွယ်ပြောဆိုမှုများကဲ့သို့ မည်သည့်အချက်အလက်မျိုးကိုမဆို ပေးပို့တင်ပြပါ။
- မည်သည့်ဖြည့်စွက်အထောက်အထားကိုမျှ ခွင့်ပြုထားခြင်းမရှိဘဲ ကောလာဟလအပေါ်အခြေခံသော စိုးရိမ်ပူပန်မှုများကို ပေးပို့တင်ပြသည့်အခါ ဝန်ထမ်းများသည် စိုးရိမ်ပူပန်မှုကို ပေးပို့မတင်ပြခင် ကောလာဟလ၏မှန်ကန်မှုအပေါ် ဆုံးဖြတ်နိုင်ရန်အတွက် အချက်အလက်များနှင့် အခြေအနေများကို သတိထား၍ ဆင်ခြင်သုံးသပ်ရန် အကြံပြုပါသည်။ ထိုသို့ဆင်ခြင်သုံးသပ်ရာတွင် ကောလာဟလသည် မှန်ကန်ကြောင်း ကျိုးကြောင်းဆီလျော်သည့် ဖြစ်နိုင်ခြေရှိမရှိ ဆုံးဖြတ်ရန် ကောလာဟလဖြန့်သော လူပုဂ္ဂိုလ်ကို တိကျသေချာသောမေးခွန်းများ မေးမြန်းခြင်း ပါဝင်ပါသည်။
- စိုးရိမ်ပူပန်မှုတစ်ခုကို ပေးပို့တင်ပြသည့်အခါ ဒေသန္တရဥပဒေများက ခွင့်ပြုလျှင် သင်သည် အမည်မဖော်ဘဲနေနိုင်ပါသည်။ သင့်ကိုယ်သင်မည်သူဖြစ်ကြောင်း ဖော်ပြရန်ရွေးချယ်ပါက ဒေသန္တရဥပဒေပြဋ္ဌာန်းချက်များအရ လိုအပ်မှသာလျှင် သို့မဟုတ် သင်သည် သင်၏အထောက်အထားကို ဖော်ထုတ်ရန် အထူးတောင်းဆိုထားမှသာလျှင် သင်၏အထောက်အထားကို ထုတ်ပြန်နိုင်စေရန်အတွက် Ball မှ ဆောင်ရွက်ပါသည်။

### သိရှိအပ်သောအရာများ

*"စိတ်ကောင်းစေတနာဖြင့် တင်ပြသောအစီရင်ခံစာ" တစ်စောင်ဆိုသည်မှာ သင့်ထံတွင် မူဝါဒချိုးဖောက်မှုတစ်ခုဟု သတ်မှတ်ခံရနိုင်သော တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ကြောင်း ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အခြေခံအချက်ကို ပေးသည့် သတင်းအချက်အလက် - သင်၏ ကိုယ်ပိုင်အသိပညာဗဟုသုတ သို့မဟုတ် အခြားသူများထံမှ ရရှိသော သတင်းအချက်အလက် - ရှိသည်ကို ဆိုလိုပါသည်။*




## လက်တုံ့ပြန်မှုကို တားမြစ်ခြင်း

ကျွန်ုပ်တို့၏ ကျင့်ဝတ်နှင့်ကိုက်ညီသော ဓလေ့ထုံးစံကို ထိန်းသိမ်းရန် ပွင့်လင်းစွာဆက်သွယ်ပြောဆိုခြင်းနှင့် အချိန်မီ အစီရင်ခံခြင်းတို့ကို အားပေးပါသည်။ စိတ်ကောင်းစေတနာဖြင့် စိုးရိမ်ပူပန်မှုများအား တင်ပြသူများအပေါ် မည်သည့်နည်းဖြင့်မဆို လက်တုံ့ပြန်ခြင်းကို တားမြစ်သည့် တင်းကျပ်သောမူဝါဒတစ်ရပ်ကို Ball က ချမှတ်ထားပါသည်။ တစ်ဦးတစ်ယောက်က စိတ်ကောင်းစေတနာဖြင့် အစီရင်ခံစာပေးပို့တင်ပြခြင်း၊ စုံစမ်းစစ်ဆေးမှုတစ်ခုတွင် ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် တစ်စုံတစ်ယောက်ကို Ball ၏ မူဝါဒများနှင့် ကျင့်ဝတ်စည်းကမ်းများအား ချိုးဖောက်မှုမှ တားဆီးရန် ကြိုးပမ်းခဲ့ခြင်းတို့ကြောင့် အလုပ်ထုတ်ရန်၊ ရာထူးအဆင့်လျှော့ချရန် သို့မဟုတ် အလုပ်တာဝန်မှ ဆိုင်းငံ့ရန် ခြိမ်းခြောက်မှုများအပါအဝင်ဖြစ်ပြီး ၎င်းတို့ချည်းသာဟု ကန့်သတ်မထားသော လက်တုံ့ပြန်မှုပုံစံအားလုံးတွင် ပါဝင်လှုပ်ရှားသူများကို ကျွန်ုပ်တို့ကုမ္ပဏီမှ တားမြစ်၍ ထိန်းသိမ်းကြပ်မတ်မည်ဖြစ်ပါသည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **လက်တုံ့ပြန်မှုတားမြစ်ခြင်း မူဝါဒ** ကို ကိုးကားပါ။

သဘောရိုးဖြင့် အစီရင်ခံမှုအပေါ် တုံ့ပြန်သောအားဖြင့် လက်တုံ့ပြန်သည့် မည်သည့်ပုံစံမျိုးကိုမဆို ကျွန်ုပ်တို့၏ ကုမ္ပဏီက ရှုတ်ချပါသည်။





# အချင်းချင်း လေးစားသမှုရှိခြင်း

ကျွန်ုပ်တို့ဝန်ထမ်းများနှင့် ဓလေ့ထုံးစံအပေါ် အာရုံစိုက်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကျွန်ုပ်တို့သည် ဝန်ထမ်းတစ်ဦးချင်းစီ၏ တစ်မူထူးခြားသော အရည်အချင်းများ၊ တန်ဖိုးများနှင့် အလားအလာတို့ကို လမ်းဖွင့်ပေးသည့် လူတိုင်းပါဝင်နိုင်သော လုပ်ငန်းခွင်နေရာတစ်ခုအဖြစ် တိုးမြှင့်နိုင်ရန် အားစိုက်လုပ်ဆောင်နေပါသည်။ မတူကွဲပြားသောအမြင်များ၊ အတွေ့အကြုံများနှင့် ပြင်းပြသောဆန္ဒများကို ပေါင်းစည်းခြင်းသည် ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းတစ်ခုလုံး ကြီးထွားလာရန်နှင့် တန်ဖိုးမြင့်လာရန် တွန်းအားပေးသည့် စိတ်ကူးအကြံဉာဏ်များ ပွင့်ထွက်လာနိုင်ရန်နှင့် တီထွင်ဆန်းသစ်မှုကို ပိုကောင်းလာစေရန်အတွက် အကူအညီဖြစ်စေပါသည်။

## ခွဲခြားဆက်ဆံမှုကို တားမြစ်ခြင်း

ကျွန်ုပ်တို့ကုမ္ပဏီသည် ပါရမီရှိ၍ မတူကွဲပြားသော အလုပ်သမားအင်အားစုတစ်ရပ်ကို ဆွဲဆောင်ပြီး ထိန်းထားနိုင်သည့် အားလုံးပါဝင်နိုင်သော လုပ်ငန်းခွင်နေရာတစ်ခုဖြစ်အောင် ထိန်းသိမ်းသွားရန် အားစိုက်လုပ်ဆောင်နေပါသည်။ အပေါင်းလက္ခဏာဆောင်သော ပတ်ဝန်းကျင်တစ်ခုကို ကျွန်ုပ်တို့ အောင်မြင်စွာတည်ထောင်နိုင်စေရန် Ball သည် မည်ကဲ့သို့သော ခွဲခြားဆက်ဆံခြင်းကိုမဆို တားမြစ်ပါသည်။

ယေဘုယျအားဖြင့် ခွဲခြားဆက်ဆံခြင်းသည် လူတစ်ဦးကို အကာအကွယ်ပေးထားသော ဝိသေသလက္ခဏာရပ်များကြောင့် သူ၏ အလုပ်အကိုင်နှင့်ပတ်သက်၍ ပို၍ သို့မဟုတ် လျော့၍ မျက်နှာသာပေး ဆက်ဆံခြင်း အလေ့အထဖြစ်ပါသည်။ ကာကွယ်ပေးထားသော ဝိသေသလက္ခဏာများတွင် လူမျိုး၊ ကျား/မ၊ လူမျိုးစု၊ အသားအရောင်၊ အသက်အရွယ်နှင့် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များဖြင့်ဖြစ်စေ၊ သတ်မှတ် ကော်ပိုရိတ်မူဝါဒဖြင့်ဖြစ်စေ ကာကွယ်ပေးထားသည့် အခြားသောဝိသေသလက္ခဏာများ ပါဝင်ပါသည်။

ကာကွယ်ပေးထားသော မည်သည့်ဝိသေသလက္ခဏာ ရှိသည်ဖြစ်စေ Ball သည် ဝန်ထမ်းခန့်ထားခြင်း၊ ရွှေ့ပြောင်းခြင်း၊ ရာထူးတိုး၊ နစ်နာကြေးနှင့် အခြားသော တိုးတက်မှုအခွင့်အလမ်းများကို အရည်အချင်းအရှိဆုံးသော ပုဂ္ဂိုလ်များအား ပေးပါသည်။

## ထိပါးနှောင့်ယှက်မှုကို တားမြစ်ခြင်း

ထိပါးနှောင့်ယှက်မှုကင်းစင်သော လုပ်ငန်းခွင်တစ်ခုကို ထိန်းသိမ်းထားရန်လည်း Ball က အားစိုက်လုပ်ဆောင်နေပါသည်။ ထိပါးနှောင့်ယှက်မှုသည် နိုင်ထက်စီးနင်းလုပ်တတ်သော၊ မနှစ်သက်စရာကောင်းသော သို့မဟုတ် အတိုက်အခိုက်များသော အလုပ်ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးသည့် သို့မဟုတ် လူတစ်ဦးတစ်ယောက်ချင်းစီ၏ လုပ်ငန်းဆောင်ရွက်ချက်ကို အကြောင်းမဲ့ အနှောင့်အယှက်ပေးသည့် အပြုအမူဖြစ်ပါသည်။ ထိပါးနှောင့်ယှက်မှုသည် အောက်ပါတို့အပါအဝင် ပုံစံမျိုးစုံရှိနိုင်သည် -

- စော်ကားသော မှတ်ချက်များ
- အလိုမတူသော လိင်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုများ
- ရိုင်းစိုင်းသော၊ ချိုးနှိမ်သော သို့မဟုတ် မဖွယ်မရာ ပြက်လုံးများ၊ အီးမေးလ်များ သို့မဟုတ် အပြုအမူ

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **လုပ်ငန်းခွင်တွင်း လေးစားမှုရှိခြင်းဆိုင်ရာမူဝါဒ** နှင့် ခွဲခြားဆက်ဆံခြင်းကို တားမြစ်သည့် အခြားသော ဒေသဆိုင်ရာမူဝါဒများကို ကိုးကားပါ။

## ကိုယ်ရေးအချက်အလက်များ သီးသန့်လျှို့ဝှက်ထားခြင်း

Ball သည် ကျွန်ုပ်တို့နှင့် လက်တွဲအလုပ်လုပ်သူ တစ်ဦးတစ်ယောက်ချင်းစီ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ကာကွယ်ပေးရန် အားစိုက်လုပ်ဆောင်နေပါသည်။ ဤတွင် ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ ဖောက်သည်များ၊ ကိုယ်စားလှယ်များနှင့် ဧည့်သည်များ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ကာကွယ်ခြင်း ပါဝင်ပါသည်။ ကျွန်ုပ်တို့သည် အခြားဝန်ထမ်းတစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ မည်သည့်အခါမှ ဝင်ရောက်ကြည့်ရှုခြင်း သို့မဟုတ် ရယူခြင်းမျိုး မပြုလုပ်သင့်သလို Ball ၏ အတွင်း သို့မဟုတ် အပြင်ရှိ မည်သူ့ကိုမျှ အခြားဝန်ထမ်းတစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ထုတ်ဖော်မပြောကြားသင့်ပါ။ မှန်ကန်သင့်တော်သော သဘောတူညီမှုကို ကျွန်ုပ်တို့ရရှိပြီးသော ကိစ္စရပ်များ၊ ကုမ္ပဏီမူဝါဒများနှင့် ဥပဒေဆိုင်ရာလိုအပ်ချက်များနှင့်ကိုက်ညီသော တရားဝင်စီးပွားရေး ရည်ရွယ်ချက်တစ်ခုအတွက် အခြားဝန်ထမ်းတစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို အသုံးပြုသည့် အခါများသည်သာ ခြွင်းချက်ဖြစ်သည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **ကမ္ဘာလုံးဆိုင်ရာဒေတာများ ကာကွယ်ခြင်းမူဝါဒ** ကို ကိုးကားပါ။



## လုပ်အားခနှင့် ကလေးအလုပ်သမား ဥပဒေများကို လိုက်နာဆောင်ရွက်ခြင်း

ကျွန်ုပ်တို့သည် သက်ဆိုင်ရာ အလုပ်သမားနှင့် လူ့အခွင့်အရေး ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသော နည်းလမ်းတစ်ရပ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန် အားစိုက်လုပ်ဆောင်နေပါသည်။ အခြားအရာများအပြင် ကျွန်ုပ်တို့၏ဝန်ထမ်းများအနေဖြင့် ၎င်းတို့ လုပ်ဆောင်ခဲ့သော အလုပ်အတွက် ထိုက်သင့်သည့် အခကြေးငွေ သေချာစွာရရှိရန်အတွက် လုပ်အားခနှင့် နာရီအလိုက် လုပ်ခဆိုင်ရာ ဥပဒေများကို လိုက်နာရန် ကျွန်ုပ်တို့အားစိုက်လုပ်ဆောင်နေပါသည်။ ကျွန်ုပ်တို့တွင် ကလေးအလုပ်သမားများကို သုံးခြင်း သို့မဟုတ် အဓမ္မခိုင်းစေခြင်း သို့မဟုတ် လူကုန်ကူးခြင်းအလေ့အထများအတွက် လုံးဝသည်းမခံသည့် မူဝါဒ (zero-tolerance policy) ရှိပါသည်။ ကျွန်ုပ်တို့၏ ထုတ်လုပ်ရေးယန္တရားအတွင်းရှိ လုပ်ငန်းများအပေါ် တူညီ သော မျှော်မှန်းချက်များ ထားရှိပါသည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **ကလေးလုပ်သားနှင့် အဓမ္မလုပ်အားပေးစေခိုင်းမှုဆိုင်ရာ မူဝါဒ** နှင့် **လူ့အခွင့်အရေးမူဝါဒ** ကို ကိုးကားပါ။

## လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးကို ကာကွယ်ပေးခြင်း

လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးသည် ကျွန်ုပ်တို့၏ အဓိကအကျဆုံး ဦးစားပေးကိစ္စများထဲမှ တစ်ခုဖြစ်သည်၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များကို အနည်းဆုံးဖြစ်အောင် ကျွန်ုပ်တို့အားလုံး လုပ်ဆောင်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်အပြင် ကျွန်ုပ်တို့ဝန်ထမ်းအဖွဲ့ဝင်များ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် မျှော်မှန်းထားပါသည်။ မတော်တဆထိခိုက်မှု လုံးဝမရှိစေရေး အန္တိမရည်မှန်းချက်ဆီသို့ ဦးတည်လျက် စဉ်ဆက်မပြတ်တိုးတက်မှုကို ကျွန်ုပ်တို့အာရုံစိုက်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် ကိုယ့်အခန်းကဏ္ဍနှင့်သက်ဆိုင်သော ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများကို ရင်းနှီးသိကျွမ်းထားရမည်ဖြစ်၍ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များအားလုံးကို ကျွန်ုပ်တို့ အပြည့်အဝလိုက်နာကြရပါမည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးမူဝါဒ** ကို ကိုးကားပါ။

## လုပ်ငန်းခွင်တွင်း အကြမ်းဖက်မှုနှင့် လက်နက်များကို တားမြစ်ခြင်း

ကျွန်ုပ်တို့သည် အကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်း အပြုအမူများမှ ကင်းလွတ်သော ပတ်ဝန်းကျင်တွင် အလုပ်လုပ်ကိုင်ခွင့် ရထိုက်ပါသည်။ Ball သည် ရန်လိုသော သို့မဟုတ် ရိုင်းစိုင်းကြမ်းတမ်းသော အပြုအမူ၊ ခြိမ်းခြောက်မှု သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များ၊ ကုမ္ပဏီအဆောက်အအုံအတွင်း သို့မဟုတ် ကုမ္ပဏီ လုပ်ငန်းဆောင်တာများ လုပ်ဆောင်နေစဉ် တားမြစ်လက်နက်များကို လက်ဝယ်ပိုင်ဆိုင်နေခြင်းတို့ကို ဒေသန္တရဥပဒေများမှ ခွင့်ပြုထားသည့်အတိုင်း တားမြစ်ပါသည်။ ထို့ပြင် ဝန်ထမ်းများအားလုံးနှင့် ကုမ္ပဏီအဆောက်အအုံ၏ ဘေးရန်ကင်းရှင်းရေးနှင့် လုံခြုံရေးကို စောင့်ရှောက်ရန်အတွက် ခွင့်ပြုထားသော ဧည့်သည်များကိုသာ လုပ်ငန်းခွင်တွင် ရှိနေခွင့်ပြုသည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **လုပ်ငန်းခွင် ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုဆိုင်ရာ မူဝါဒ** ကို ကိုးကားပါ။



## ဆေးဝါးများအား တလွဲအသုံးပြုမှုကို တားဆီးကာကွယ်ခြင်း

ကျွန်ုပ်တို့သည် အပြည့်အဝ နိုးကြားတက်ကြွစွာဖြင့် လုပ်ငန်းခွင်သို့ လာရောက်၍ ကျွန်ုပ်တို့၏ လုပ်ငန်းတာဝန်များကို လုပ်ကိုင်နိုင်ရန် တာဝန်ရှိပါသည်။ ဤသည်မှာ အလုပ်သို့ အားအင်ချိနဲ့စွာလာခြင်းကို မည်သည့်အခါမှ မပြုလုပ်ဘဲ ကုမ္ပဏီမှလုပ်သော အခမ်းအနားများ၊ ထမင်းစားပွဲများတွင် အရက် တည်ခင်းပါက အလွန်အကျွံမဖြစ်အောင်ထိန်းခြင်းနှင့် ကောင်းမွန်စွာဝေဖန်ပိုင်းခြားမှုတို့ဖြင့် အမြဲနေထိုင်သင့်သည်ကို ဆိုလိုပါသည်။ အရက်အလွန်အကျွံ သောက်သုံးခြင်း၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်သောဆေးဝါးများ သုံးစွဲခြင်းသည် ကျွန်ုပ်တို့ စောင့်ထိန်းအပ်သည့် တာဝန်များကို ပြင်းပြင်းထန်ထန် ဖောက်ဖျက်ခြင်းဖြစ်ပြီး ကျွန်ုပ်တို့၏လုံခြုံရေးကို ထိခိုက်စေကာ အလုပ်လုပ်နိုင်စွမ်းကိုလည်း လျော့ကျစေနိုင်ပါသည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **လုပ်ငန်းခွင်တွင်း ဆေးဝါးများအား တလွဲအသုံးပြုမှုဆိုင်ရာ မူဝါဒ** ကို ကိုးကားပါ။

လုပ်ငန်းခွင်တွင် ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးသည် ကျွန်ုပ်တို့၏ အဓိကအကျဆုံး ဦးစားပေးကိစ္စများထဲမှ တစ်ခုဖြစ်သည်။ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များကို အနည်းဆုံးဖြစ်အောင် ကျွန်ုပ်တို့အားလုံး လုပ်ဆောင်ကြရမည် ဖြစ်သည်။






# ကျွန်ုပ်တို့၏ ကုမ္ပဏီအား ကာကွယ်ခြင်း

## အကျိုးစီးပွားပဋိပက္ခများကို ရှောင်ရှားခြင်း

Ball ၏ ဝန်ထမ်းများအနေဖြင့် ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ပိုင်ရှင်များကဲ့သို့ ပြုမူကြရန် မျှော်မှန်းထားပါသည်၊ ဆိုလိုသည်မှာ ကုမ္ပဏီ၏အကျိုးစီးပွားအတွက် အကောင်းဆုံးလုပ်ဆောင်ရန် ကျွန်ုပ်တို့တွင် တာဝန်ရှိပါသည်။ ကုမ္ပဏီ၏ ဂုဏ်သတင်းနှင့် အကောင်းမွန်ဆုံး အကျိုးစီးပွားကို ယိမ်းယိုင်စေသော၊ ထိခိုက်စေသော သို့မဟုတ် ပဋိပက္ခဖြစ်နေသော၊ သို့မဟုတ် ထိုသို့ဖြစ်နေသည်ဟုထင်ရသော ကိုယ်ကျိုးစီးပွား သို့မဟုတ် ပတ်သက်ဆက်ဆံမှုများမှ ကင်းလွတ်ရန် ကျွန်ုပ်တို့ မျှော်မှန်းထားပါသည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများ၊ ပစ္စည်းဥစ္စာများ သို့မဟုတ် သတင်းအချက်အလက်များကိုဖြစ်စေ ကျွန်ုပ်တို့၏ရာထူးအဆင့်ကိုဖြစ်စေ မလျော်ကန်သော ကိုယ်ကျိုးစီးပွားအတွက် မသုံးသင့်သလို Ball နှင့် ယှဉ်ပြိုင်မည့် လုပ်ရှားဆောင်ရွက်မှုများတွင်လည်း မပါဝင်သင့်ပါ။

Ball ၏ ဝန်ထမ်းများအနေဖြင့် ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ပိုင်ရှင်များကဲ့သို့ ပြုမူကြရန် မျှော်မှန်းထားပါသည်၊ ဆိုလိုသည်မှာ ကုမ္ပဏီ၏အကျိုးစီးပွားအတွက် အကောင်းဆုံးလုပ်ဆောင်ရန် ကျွန်ုပ်တို့တွင် တာဝန်ရှိပါသည်။

အကျိုးစီးပွားပဋိပက္ခ ဥပမာအချို့

- ကိုယ်ရေးကိုယ်တာ ရင်းနှီးမြှုပ်နှံမှု - Ball ၏ မိတ်ဖက် သို့မဟုတ် ပြိုင်ဘက်ဖြစ်နေ သို့မဟုတ် ဖြစ်နိုင်ပြီး သင် သို့မဟုတ် သင့်မိသားစုဝင်တစ်ဦးက တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်သော ကုမ္ပဏီတစ်ခုနှင့် လုပ်ငန်းဆောင်ရွက်ခြင်း၊ အထူးသဖြင့် သင်က ထိုကုမ္ပဏီနှင့် ပတ်သက်ပြီး Ball ၏ကိုယ်စား ဆုံးဖြတ်ပေးမှုများတွင် ပါဝင်နေသူဖြစ်ပါက
- Ball တွင် အလုပ်ခန့်အပ်ခံထားရစဉ်ကာလအတွင်း လေ့လာသိရှိထားသော လျှို့ဝှက်အချက်အလက်များကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းအပါအဝင် ကိုယ်ပိုင်အကျိုးစီးပွား သို့မဟုတ် သင့်မိသားစုဝင်များ၏ အကျိုးစီးပွားကို တိုးတက်စေရန် သင့်ရာထူး သို့မဟုတ် Ball နှင့် သင်တို့ကြား ပတ်သက်မှုကို အသုံးပြုခြင်း။ ဆွေမျိုးတစ်ဦးအပေါ် တိုက်ရိုက် ဆုံးဖြတ်ချက်ချပေးနိုင်ခွင့် အာဏာရှိခြင်း သို့မဟုတ် ကြီးကြပ်နိုင်ခြင်းတို့လည်း ဤသည်တွင် ပါဝင်ပါသည်။
- အထူးသဖြင့် သင်သည် အဓိကဆုံးဖြတ်ချက်များချရာတွင် လွှမ်းမိုးနိုင်သည့်ရာထူးရှိပါက၊ စာချုပ်များကို ပြန်လည်သုံးသပ်ရန်၊ ညှိနှိုင်းဆောင်ရွက်ရန်၊ အတည်ပြုရန် တာဝန်ရှိသူဖြစ်ပါက သို့မဟုတ် ထိုစီးပွားရေးမိတ်ဖက်နှင့် Ball ၏ စီးပွားရေးလုပ်ကိုင်နေမှုများကို ညွှန်ကြားနိုင်ပါက သင် သို့မဟုတ် သင့်မိသားစုဝင်များတွင် ထင်ရှားသော ငွေကြေးဆိုင်ရာ သို့မဟုတ် အခြား အကျိုးစီးပွား သို့မဟုတ် ပတ်သက်ဆက်နွယ်မှုရှိသည့် စီးပွားရေးမိတ်ဖက်များနှင့် စာချုပ်များကို အတည်ပြုချုပ်ဆိုခြင်း
- မိမိတစ်ဦးတည်းအတွက် အသုံးချမှု သို့မဟုတ် တရားဝင်ခွင့်ပြုထားခြင်းမရှိသော လှုပ်ရှားဆောင်ရွက်မှုများအတွက် အဆောက်အအုံ၊ ကိရိယာများ၊ အမှုထမ်းများ၊ ပစ္စည်းများ သို့မဟုတ် လျှို့ဝှက်အချက်အလက်များအပါအဝင် Ball ၏ အရင်းအမြစ်များကို သုံးစွဲခြင်း သို့မဟုတ် ယူဆောင်ခြင်း
- Ball နှင့် ဆောင်ရွက်ထားပြီးသော သို့မဟုတ် ယခင်ကဆိုင်းငံ့ထားသော စာချုပ်ချုပ်ဆိုမှုများ သို့မဟုတ် လုပ်ငန်းများရှိနေသည့် စီးပွားရေးလုပ်ငန်းမိတ်ဖက်ထံမှ တန်ဖိုးရှိသော တစ်စုံတစ်ရာကို လူကိုယ်တိုင်လက်ခံခြင်း
- ဥပဒေပြဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီမူဝါဒများကို ဆန့်ကျင်၍ မည်သည့်နည်းလမ်းဖြင့်မဆို တပ်မတော်နှင့် အစိုးရအမှုထမ်းများ အပါအဝင် ယခင် သို့မဟုတ် လက်ရှိ အစိုးရဝန်ထမ်းများအား အလုပ်ခန့်အပ်မှု ကမ်းလှမ်းခြင်း သို့မဟုတ် ခန့်အပ်ခြင်း
- ဝန်ထမ်း၊ အကြံပေး သို့မဟုတ် ရှယ်ယာရှင်တစ်ဦးအဖြစ် ပြိုင်ဘက် ကုမ္ပဏီနှင့် အလုပ်လုပ်ခြင်း။ သို့မဟုတ် Ball ဝန်ထမ်းအဖြစ် ရှိနေစဉ်အတွင်း အခြားကုမ္ပဏီတစ်ခုခု၏ ဝန်ထမ်း သို့မဟုတ် အကြံပေးတစ်ဦး ဖြစ်လာခြင်း
- Ball ၏ ဂုဏ်သိက္ခာနှင့် ဂုဏ်သတင်းတို့ကို ဆိုးဆိုးရွားရွားထိခိုက်စေသော ပြင်ပလှုပ်ရှားမှုတစ်ခုတွင် ပါဝင်ပတ်သက်ခြင်း သို့မဟုတ် ပွင့်ပ ဖောက်သည်၊ ပစ္စည်းတင်သွင်းသူ သို့မဟုတ် အခြားကုမ္ပဏီနှင့် ပတ်သက်ဆက်နွယ်မှုရှိနေခြင်း

ဤကဲ့သို့အခြေအနေများသည် အခါအားလျော်စွာ ဖြစ်ပေါ်တတ်ပြီး ၎င်းတို့သည် သေချာပေါက် စည်းကမ်းချိုးဖောက်ခြင်းမျိုးမဟုတ်ပါ၊ သို့သော် ပဋိပက္ခဖြစ်နိုင်ခြေရှိသည်ကို ထုတ်ဖော်ပြောကြားမှုမပြုခြင်းသည် စည်းကမ်းချိုးဖောက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့ ဖြစ်ပေါ်လာနိုင်ခြေရှိပါက သို့မဟုတ် အမှန်တကယ်ဖြစ်ပေါ်လာပါက သင့်မန်နေဂျာနှင့် ၎င်းကို ဆွေးနွေးရပါမည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **အကျိုးစီးပွားပဋိပက္ခများဆိုင်ရာမူဝါဒ** ကို ကိုးကားပါ။

**သိရှိအပ်သောအရာများ**

*ဆွေမျိုးများတွင် မိဘ၊ မောင်နှမ၊ အိမ်ထောင်ဖက်၊ တရားဝင် အုပ်ထိန်းသူများ၊ သားသမီး၊ အိမ်ထောင်ဖက်မှ တော်စပ်သူများ၊ ဘိုးဘွားများ၊ မြေးမြစ်များ၊ လင်ပါမယားပါ တော်စပ်သူများ သို့မဟုတ် သင့်အိမ်ထောင်စုတွင် ပုံမှန်နေထိုင်သူ မည်သူမဆို ပါဝင်ပါသည်။*

ဤကဲ့သို့အခြေအနေများသည် အခါအားလျော်စွာ ဖြစ်ပေါ်တတ်ပြီး ၎င်းတို့သည် သေချာပေါက် စည်းကမ်းချိုးဖောက်ခြင်းမျိုးမဟုတ်ပါ၊ သို့သော် ပဋိပက္ခဖြစ်နိုင်ခြေရှိသည်ကို ထုတ်ဖော်ပြောကြားမှုမပြုခြင်းသည် စည်းကမ်းချိုးဖောက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့ ဖြစ်ပေါ်လာနိုင်ခြေရှိပါက သို့မဟုတ် အမှန်တကယ်ဖြစ်ပေါ်လာပါက သင့်မန်နေဂျာနှင့် ၎င်းကို ဆွေးနွေးရပါမည်။

## တိကျမှန်ကန်သော စာရင်းဇယားများနှင့် မှတ်တမ်းများထားရှိခြင်း

အစီရင်ခံစာများနှင့် ကုမ္ပဏီအကြောင်း အချက်အလက်များအားလုံးကို ကောင်းမွန်သော စီးပွားရေးအလေ့အကျင့်များနှင့် သက်ဆိုင်ရာ စာရင်းကိုင်စံနှုန်းများ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တိကျသေချာစွာ၊ လုံ့လဝိရိယရှိစွာ၊ မျှတစွာ တင်ပြမှတ်တမ်းတင်ရပါမည်။ မှတ်တမ်းများ သို့မဟုတ် အစီရင်ခံစာများသည် အချိန်ကတ်ပြားများ၊ ကုန်ကျစရိတ်အစီရင်ခံစာများ၊ ထုတ်လုပ်မှုမှတ်တမ်းများ၊ စစ်ဆေးမှု အစီရင်ခံစာများ၊ ပတ်ဝန်းကျင်ဆိုင်ရာ မှတ်တမ်းများ၊ စာရင်းအင်း မှတ်တမ်းများ၊ ပေးစာများ၊ လေလံများ၊ အဝယ်အမှာစာများ သို့မဟုတ် အလားတူစာရွက်စာတမ်းများ မည်သည့်အရာဖြစ်စေ ပြည့်စုံ မှန်ကန်မှု ရှိရပါမည်။ ထို့အပြင် -

- မှတ်တမ်းများနှင့် ဘဏ္ဍာရေးထုတ်ပြန်ချက်များအားလုံးသည် ကုမ္ပဏီ၏အရောင်းအဝယ်များအားလုံးကို တိကျစွာ ထင်ဟပ်မှုရှိရပါမည်။
- ထုတ်ပြန်ချက်အမှား သို့မဟုတ် စာရင်းမှားသွင်းခြင်းများကို ကုမ္ပဏီ၏မှတ်တမ်းများတွင် မည်သည့်ရည်ရွယ်ချက်နှင့်မျှ မပြုလုပ်ရပါ။
- ကျသင့်ငွေအားလုံးကို မှန်ကန်စွာ မှတ်တမ်းတင်၊ ထုတ်ဖော်ပြောကြားပြီး ကောက်ခံကြောင်း သေချာစေရန် ဂရုစိုက်ရပါမည်။

ထို့ပြင် ကျွန်ုပ်တို့ လုပ်ငန်းလည်ပတ်သောနေရာများရှိ မှတ်တမ်းစီမံခန့်ခွဲမှုမူဝါဒနှင့် ထိန်းသိမ်းထားရှိမှု အချိန်ဇယားများကို လိုက်နာရပါမည်။ ဤအချိန်ဇယားများသည် လုပ်ငန်းမှတ်တမ်းများကို ထိန်းသိမ်းထားသင့်သည့် အချိန်အပိုင်းအခြားကို သတ်မှတ်ပေးသည့်အပြင် ဖြစ်နိုင်ခြေရှိသော၊ ဖြစ်နေသော သို့မဟုတ် ဖြစ်ခဲ့ပြီးသော တရားစွဲဆိုမှုနှင့်ဆက်စပ်ပြီး ဥပဒေအတိုင်း လိုက်နာရန်အတွက် လုပ်ထုံးလုပ်နည်းများကိုလည်း သတ်မှတ်ပေးပါသည်။

မှတ်တမ်းများပြုစုရာတွင် ပါဝင်သော သို့မဟုတ် အစီရင်ခံစာများကို ပြင်ဆင်ဖြည့်စွက်ပေးသော ဝန်ထမ်းများသည် ကော်ပိုရိတ်နှင့် ဒေသခွဲ/ဒေသဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများမှာ သူတို့၏အဖွဲ့အစည်းနှင့် သက်ဆိုင်သောကြောင့် ၎င်းတို့ကို ဖတ်ရှုရန်နှင့် သိရှိနားလည်ရန် တာဝန်ရှိသည်။ အချိန်အလိုက်တွက်ပေးသော အဖိုးအခများကို ချက်ချင်း တိကျသေချာစွာ မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး လုပ်အားခပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာရပါမည်။ ဝန်ထမ်းများသည် ကုမ္ပဏီမှခွင့်ပြုထားသော စာရင်းအင်းနှင့် စီမံခန့်ခွဲမှုစနစ်များကို အသုံးပြုရပါမည်။ မန်နေဂျာများသည် ထိုစံနှုန်းများအား တင်းကျပ်စွာ လိုက်နာဆောင်ရွက်စေရမည်ဖြစ်ပြီး သွေဖယ်မှုများကို တားဆီးကာ ပုံမှန်မဟုတ်သောကိစ္စမှန်သမျှကို မိမိတို့၏ သက်ဆိုင်ရာမန်နေဂျာများအား နှောင့်နှေးမှုမရှိဘဲ တင်ပြရမည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **မှတ်တမ်းမှတ်ရာများ စီမံမှုမူဝါဒ** ကို ကိုးကားပါ။

### အမေးအဖြေ

မေး - Jerome သည် သူ့ဌာန၏ သုံးလတစ်ကြိမ် ဘဏ္ဍာရေးအစီရင်ခံစာများကို ပြင်ဆင်ရန်တာဝန်ရှိပြီး သူသည် ယေဘုယျအားဖြင့် မတိကျမှုမှန်သမျှကို အလျင်အမြန်တွေ့ရှိပြီး အမှားပြင်ဆင်လေ့ရှိပါသည်။ ၎င်းတို့မှာ အလေ့တကြီးစာရင်းသွင်းခြင်းနှင့် စာရေး၏အမှားကြောင့် ဖြစ်လေ့ရှိပြီး များသောအားဖြင့် Jerome အတွက် အမှားပြင်ဆင်ရန် အချိန်သိပ်မလိုပါ။ သို့သော် ယခု သုံးလတစ်ကြိမ် အစီရင်ခံစာတွင် ပိုရှုပ်ထွေးပြီး တမင်လုပ်ထားသည့်ပုံပေါက်သော ထပ်တလဲလဲ မူမမှန်မှုများကို သူ သတိပြုမိပါသည်။ နောက်ဆုံးတွင် သူသည် ဝင်ငွေစာရင်းအမှား၏ ဇာစ်မြစ်ကို အတိအကျရှာတွေ့သွားပြီး ဤစာရင်းသွင်းခြင်းများသည် ပိုမိုကြီးမားသော လိမ်လည်မှုတစ်ရပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်ကြောင်း ယုံကြည်နေသည်။ သူဘာလုပ်သင့်ပါသလဲ။

*ဖြေ - Jerome သည် ထုတ်ဖော်ပြောကြားသင့်သည်။ သူ့အဖွဲ့၏ ဘဏ္ဍာရေးတင်ပြချက်တွင် လိမ်လည်မှု အလားအလာရှိကြောင်း သူ သတ်မှတ်ဖော်ထုတ်ခဲ့ပြီး သူ၏မန်နေဂျာ၊ လူစွမ်းအားအရင်းအမြစ်ကိုယ်စားလှယ် သို့မဟုတ် စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့တို့ကို ဆက်သွယ်၍ သူ၏စိုးရိမ်ပူပန်မှုကို ချက်ချင်းဖွင့်ဟ ထုတ်ဖော်ရပါမည်။ မတိကျမှုများကို ပြင်ဆင်ရုံနှင့် မလုံလောက်ပါ။ နောက်ပိုင်းစုံစမ်းစစ်ဆေးမှုတွင် မှားယွင်းသောလုပ်ရပ် မဖြစ်ခဲ့ကြောင်း ဆုံးဖြတ်ချက်ချလျှင်ပင် Jerome သည် ထိုသို့တင်ပြခြင်းအတွက် မည်သည့် လက်တုံ့ပြန်မှုကိုမျှ ရင်ဆိုင်ရမည်မဟုတ်ပါ။*

## အစိုးရ စာရင်းစစ်များ၊ မေးမြန်းမှုများနှင့် စုံစမ်းစစ်ဆေးမှုများကို ဖြေကြားခြင်း

အစိုးရ၏ စုံစမ်းစစ်ဆေးမှုများတွင် ပူးပေါင်းလုပ်ဆောင်ရန် ကျွန်ုပ်တို့တွင် တာဝန်ရှိပါသည်။ ဤသည်မှာ ကျွန်ုပ်တို့သည် သင့်လျော်သည့်အချက်အလက်များကို တောင်းဆိုထားသည့်အတိုင်း အချိန်မီပေးမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ အစိုးရ၏ တောင်းဆိုချက်များကို ဖြေဆိုသည့်အခါ ကျွန်ုပ်တို့တွင် ဆီလျော်သောအဖြေများပေးနိုင်စေမည့် အချက်အလက်အားလုံးရှိကြောင်း သေချာစေရန်အတွက် ကျွန်ုပ်တို့သည် ပထမဦးစွာ ဥပဒေရေးရာဌာနနှင့် အခြားသော သက်ဆိုင်ရာလုပ်ငန်း သို့မဟုတ် ကော်ပိုရိတ်လုပ်ဆောင်ချက်များကို ဆက်သွယ်သင့်ပါသည်။

ဥပဒေများ သို့မဟုတ် စည်းမျဉ်းများကို ချိုးဖောက်မှု ဖြစ်နိုင်ခြေအား အစိုးရအေဂျင်စီ သို့မဟုတ် အဖွဲ့အစည်းထံ တိုင်ကြားခြင်း၊ Ball ထံမှ ကြိုတင်ခွင့်ပြုချက် သို့မဟုတ် အသိပေးချက် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံစမ်းစစ်ဆေးမှုများတွင်ပါဝင်ခြင်းမှ Ball က ကျွန်ုပ်တို့ကို တားမြစ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း မရှိပါ။

ကုမ္ပဏီနှင့် ပတ်သက်သည့် အစီရင်ခံစာများနှင့် အချက်အလက်အားလုံးကို တိကျစွာ မှတ်တမ်းတင်ပြီး တင်ပြရပါမည်။

# ကျွန်ုပ်တို့ကုမ္ပဏီ၏အချက်အလက်များကို ကာကွယ်ခြင်း

## အတွင်းလူမှု တရားမဝင်အမြတ်ထုတ် လုပ်ကိုင်မှုကို ကာကွယ်ခြင်း

Ball ဝန်ထမ်းများနှင့် အခြားသော ကုမ္ပဏီနှင့် ဆက်စပ်သူများသည် မိမိတို့ကုမ္ပဏီနှင့် ကုမ္ပဏီ၏ စီးပွားဖက်ဖြစ်သော အခြားကုမ္ပဏီများ၏ အဓိကကျပြီး အများပြည်သူသို့ထုတ်ပြန်ခြင်းမရှိသော အချက်အလက်များ ("အတွင်းရေး အချက်အလက်များ" ဟု ခေါ်လေ့ရှိ) ကို မကြာခဏ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်၊ ၎င်းကို ကုမ္ပဏီပြင်ပမှ အခြား မည်သူမျှ ရရှိနိုင်ခြင်းမရှိပါ။ Ball သို့မဟုတ် အခြားကုမ္ပဏီ၏ အဓိကကျပြီး အများပြည်သူသို့ထုတ်ပြန်ခြင်းမရှိသော အချက်အလက်များ ကျွန်ုပ်တို့လက်ဝယ်ရှိနေစဉ်တွင် Ball ဝန်ထမ်းများအနေဖြင့် Ball ၏ စတော့ရှယ်ယာ သို့မဟုတ် စာချုပ်စာတမ်းများနှင့်ဖြစ်စေ၊ Ball နှင့်လုပ်ငန်းတွဲလုပ်နေသော အခြားကုမ္ပဏီတစ်ခုခု၏ စတော့ရှယ်ယာ သို့မဟုတ် စာချုပ်စာတမ်းများနှင့်ဖြစ်စေ ဆက်စပ်သော အရောင်းအဝယ်ကိစ္စရပ်များတွင် ပါဝင်ခြင်းမပြုရပါ။

### သိရှိအပ်သောအရာများ

*အတွင်းရေးအချက်အလက်များတွင် အောက်ပါတို့ပါဝင်နိုင်သည် -*

- *ကုမ္ပဏီချင်းပေါင်းခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းတို့အတွက် အစီအစဉ်များအကြောင်း အချက်အလက်များ*
- *ကုန်ပစ္စည်းသစ်ဖော်ဆောင်မှု*
- *ဈေးကွက်ချဲ့ထွင်ခြင်းနည်းဗျူဟာ*
- *ဘဏ္ဍာရေးရလဒ်များ*
- *Ball အတွက် အဓိကကျသော ဖောက်သည် သို့မဟုတ် ပစ္စည်းတင်သွင်းသူများနှင့် ချုပ်ဆိုထားသည့် စာချုပ်များ*
- *ကုမ္ပဏီအတွက် အဓိကကျသည့် အခြားအရေးပါသော လုပ်ငန်းအရောင်းအဝယ်ကိစ္စများ*

*"အဓိကကျသော" ဆိုသည်မှာ စတော့ရှယ်ယာဝယ်ခြင်း သို့မဟုတ် ရောင်းခြင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက် တစ်ခုချရာတွင် ဆီလျော်သော ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေဖြင့် အရေးကြီးသည်ဟု သတ်မှတ်မည့် အချက်အလက် များကို ရည်ညွှန်းပါသည်။*

ကျွန်ုပ်တို့သည် အတွင်းရေးအချက်အလက်များကို မည်သူထံသို့မဆို မရောက်ရှိအောင် ဂရုစိုက်သင့်ပါသည် ("သတင်းပေးခြင်း" ဟု ခေါ် ကြပါသည်)။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **အတွင်းလူမှု တရားမဝင်အမြတ်ထုတ် လုပ်ကိုင်မှုဆိုင်ရာ မူဝါဒ** ကို ကိုးကားပါ။

Ball ဝန်ထမ်းများအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သို့မဟုတ် တစ်စုံတစ်ယောက်၏ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များကို လွှမ်းမိုး ရန်အတွက် အတွင်းရေးအချက်အလက်များကို အသုံးမပြု ရပါ၊ အဓိကကျပြီး အများပြည်သူသို့ထုတ်ပြန်ခြင်းမရှိသော အချက်အလက်များ လက်ဝယ်ထားရှိချိန်တွင် ကျွန်ုပ်တို့သည် Ball ၏ အစုရှယ်ယာများကို ရောင်းဝယ်ခြင်း ပြုလုပ်၍မရပါ။



# ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ကုမ္ပဏီ၏လျှို့ဝှက်အချက်အလက်များကို ကာကွယ်ခြင်း

ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ လျှို့ဝှက်အချက်အလက်များကို သိရှိရန်လိုအပ်မှုအပေါ် အခြေခံလျက် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ထိုကဲ့သို့သောအချက်အလက်များကို အလုပ်လုပ်ကိုင်နေစဉ်ရော အလုပ်မလုပ်တော့သည့်အခါတွင်ပါ ကာကွယ်ရမည်ဖြစ်ပြီး ကိုယ်ကျိုးအတွက် အသုံးမပြုရပါ။

ကုမ္ပဏီ၏ လျှို့ဝှက်အချက်အလက်များကို သတိထား၍ ထိန်းချုပ်ကာကွယ်ရမည်ဖြစ်ပြီး ရည်ရွယ်ထားသော ကိစ္စရပ်များအတွက်သာ အသုံးပြု၍ သိရှိရန်လိုအပ်မှုအပေါ် အခြေခံလျက်သာ အခွင့်ရှိသည့်လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ရပါမည်။ ကျွန်ုပ်တို့သည် သင့်တော်သည့် အတည်ပြုချက်မရခင်အထိ ကုမ္ပဏီ၏ဖိုင်များ သို့မဟုတ် အချက်အလက်များကို ခွင့်ပြုချက်မရှိသော လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများအား မည်သည့်အခါမျှ မျှဝေခြင်း သို့မဟုတ် ပေးအပ်ခြင်းမပြုလုပ်ရပါ။

Ball ၏ ဉာဏပစ္စည်းမူပိုင်ခွင့် (IP) သည် ကျွန်ုပ်တို့အတွက် အဖိုးတန်လှပြီး ကာကွယ်ကြရမည်ဖြစ်ပါသည်။ IP တွင် မူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ ဒီဇိုင်းများ၊ လိုဂိုများနှင့် ကုန်ပစ္စည်းအမျိုးအစားများ ပါဝင်နိုင်ပါသည်။

ကျွန်ုပ်တို့နှင့်အတူလုပ်ကိုင်နေသော ကြားခံအဖွဲ့အစည်းများသည် ၎င်းတို့၏ လျှို့ဝှက်အချက်အလက်များနှင့် IP ကို ကျွန်ုပ်တို့အား မျှဝေလေ့ရှိကြပါသည်။ ထိုအချက်အလက်များနှင့် IP ကို ကျွန်ုပ်တို့၏အချက်အလက်များအား ကာကွယ်သလို ဂရုတစိုက်ကာကွယ်ပေးပါသည်။

**သိရှိအပ်သောအရာများ**


*ကုမ္ပဏီ၏လျှို့ဝှက်အချက်အလက်များတွင် ငွေကြေးအချက်အလက်များ၊ လုပ်ငန်းခွင်လည်ပတ်မှုများ၊ ကုန်ထုတ်လုပ်ငန်းစဉ်များ၊ ကုန်ထုတ်မှတ်တမ်းများ၊ ဝန်ထမ်းများ၏အချက်အလက်၊ လုပ်ငန်းအစီအစဉ်များ၊ ဆော့ဖ်ဝဲလ်ဖိုင်များ၊ လျှို့ဝှက်နံပါတ်များ၊ နည်းပညာအချက်အလက်များ၊ ပုံကားချပ်များ၊ နည်းဗျူဟာနှင့် လုပ်ငန်းလည်ပတ်မှုအစီအစဉ်များ၊ ဖောက်သည်အချက်အလက်များ၊ စာချုပ်များ၊ သဘောတူညီချက်များနှင့် အခြားအဖိုးတန်ကုမ္ပဏီအချက်အလက်များ ပါဝင်နိုင်ပါသည်။*

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **လျှို့ဝှက်ထိန်းသိမ်းမှုဆိုင်ရာ မူဝါဒ** ကို ကိုးကားပါ။

**အမေးအဖြေ**

မေး - Greta သည် လန်ဒန်ရှိ ကုန်သွယ်ပြပွဲတစ်ခုသို့ သွားရောက်ရာတွင် ကော်ဖီဆိုင်တစ်ဆိုင်၌ သူမ၏လက်ပ်တော့ ကျန်ခဲ့သည်။ လက်ပ်တော့ပျောက်သည်ကို ညဘက် ဟိုတယ်ပြန်ရောက်မှ သူမ သတိထားမိသည်။ သူမ၏လက်ပ်တော့တွင် ကုမ္ပဏီ၏လျှို့ဝှက်အချက်အလက်များပါရှိနေသည်ကို Greta သိသောကြောင့် မနက်တွင် လက်ပ်တော့ကို ပြန်ရှာရန် စဉ်းစားထားသည်။ သူမ လုပ်သင့်သည်မှာ ဒါအကုန်ပဲလား။

*ဖြေ - မဟုတ်ပါ။ Greta သည် လက်ပ်တော့တွင် ကုမ္ပဏီ၏လျှို့ဝှက်အချက်အလက်များရှိသည်ကို သိပါက သူမ၏ဒေသဆိုင်ရာ သတင်းအချက်အလက်နည်းပညာဌာန၊ ဥပဒေရေးရာဌာနနှင့် သူမ၏မန်နေဂျာတို့ကို အဖြစ်အပျက်ကို အစီရင်ခံရန် ချက်ချင်းအကြောင်းကြားသင့်ပါသည်။*





## ရုပ်ဝတ္ထုပစ္စည်းများကို ကာကွယ်ခြင်း

ကုမ္ပဏီ၏ ပစ္စည်းဥစ္စာများ၊ အဆောက်အအုံ၊ ပစ္စည်းကိရိယာများနှင့် ငွေကြေးများအပါအဝင် ကျွန်ုပ်တို့ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို ကာကွယ်ရန်နှင့် ထိန်းသိမ်းရန်အတွက် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပြီး ထိုပစ္စည်းဥစ္စာများကို သင့်တင့်သလို အသုံးပြုရန် မျှော်မှန်းထားပါသည်။

## သတင်းအချက်အလက်များကို လုံခြုံအောင်ပြုလုပ်ခြင်း

ကျွန်ုပ်တို့သည် ကုမ္ပဏီအချက်အလက်အားလုံးကို လုံခြုံမှုရှိအောင် သိမ်းဆည်းရန်နှင့် Ball ၏ ကွန်ရက်နှင့် ကွန်ပျူတာစနစ်များကို ဥပဒေ၊ ကျင့်ဝတ်နှင့်အညီ သုံးရန် တာဝန်ရှိပါသည်။ ဤစနစ်များအား ရံဖန်ရံခါ ပုဂ္ဂိုလ်ရေးအရ အသုံးပြုခြင်းကို ခွင့်ပြုထားသောကြောင့် ကျွန်ုပ်တို့ကုမ္ပဏီသည် ဒေသန္တရဥပဒေအရ တားမြစ်ထားချိန်မှလွဲ၍ ကျွန်ုပ်တို့၏အသုံးပြုမှုကို စောင့်ကြည့်ရန် အခွင့်အာဏာရှိကြောင်း သတိပြုရပါမည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ အချက်အလက်များနှင့် ဆက်သွယ်ရေးစနစ်များကို အသုံးပြုရာတွင် Ball ၏ လုံခြုံရေးအခြေခံမူများအားလုံးနှင့် ကုမ္ပဏီတွင်းထိန်းချုပ်မှုများကို လိုက်နာရပါမည်။

လျှို့ဝှက်နံပါတ်ကာကွယ်ရေးမူဝါဒများကို လိုက်နာခြင်းဖြင့် ကျွန်ုပ်တို့၏ လျှို့ဝှက်နံပါတ်များနှင့် အခြားကြည့်ရှုဝင်ရောက်ခွင့်ကုတ်များကို ကာကွယ်ရပါမည်။ ကျွန်ုပ်တို့၏အကောင့်များကို အသုံးပြုရန် အခြားသူများအား ခွင့်မပြုသင့်ပါ။ ကုမ္ပဏီအချက်အလက်များကို ကျွန်ုပ်တို့၏ကွန်ပျူတာများမှတစ်ဆင့် ခွင့်ပြုထားခြင်းမရှိသော သယ်ဆောင်၍ရသည့် စက်ပစ္စည်းများထဲသို့ ကူးပြောင်းခြင်းမပြုရပါ။

အင်တာနက်သည် အများနှင့်ဆိုင်သောနေရာတစ်နေရာဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိနားလည်ပါသည်။ အီလက်ထရောနစ် စနစ်သုံး မက်ဆေ့ချ်တိုင်းကို အကြမ်းရေးသောအချိန်တွင် ပေးပို့လိုက်သောအခါ မက်ဆေ့ချ်များကို ကျွန်ုပ်တို့၏ သိရှိနားလည်မှု သို့မဟုတ် ခွင့်ပြုချက် မရှိဘဲ အလွယ်တကူ ပြောင်းလဲနိုင်၊ ပုံစံပျက်ယွင်းနိုင်၊ တစ်ဆင့်ထပ်မံပို့လွှတ်နိုင်သည်ကို သတိပြုထားပါ။ အီးမေးလ်များ၊ အမြန်ပို့မက်ဆေ့ချ်များနှင့် စာတိုမက်ဆေ့ချ်များကို အခြားသော ကုမ္ပဏီစာရွက်စာတမ်းများရေးသားသလို တူညီစွာဂရုစိုက်၍ ရေးသားသင့်ပါသည်။ အင်တာနက် သို့မဟုတ် ကျွန်ုပ်တို့၏ အီးမေးလ်ကို ခွင့်မပြုထားသော သို့မဟုတ် တရားမဝင်သော ရည်ရွယ်ချက်များအတွက် သို့မဟုတ် ကာမဆိုင်ရာ အနှောင့်အသွားမလွတ်သော၊ ကွက်ကွက်ကွင်းကွင်းဖြစ်သော သို့မဟုတ် တရားမဝင်သော အရာများကို ဒေါင်းလော့ခ်ပြုလုပ်ခြင်းများအတွက် မည်သည့်အခါမျှ မသုံးသင့်ပါ။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **ဆီလျော်စွာအသုံးချမှုမူဝါဒ** နှင့် အခြားသတင်းအချက်အလက်နည်းပညာမူဝါဒများကို ကိုးကားပါ။

အီးမေးလ်၊ အမြန်ပို့မက်ဆေ့ချ်များနှင့် စာတိုမက်ဆေ့ချ်များကို အခြားသော ကုမ္ပဏီစာရွက်စာတမ်းများရေးသားသလို တူညီစွာဂရုစိုက်၍ ရေးသားသင့်ပါသည်။

## လူမှုကွန်ရက်ကို အသုံးပြုခြင်း

Ball သည် ကုမ္ပဏီနှင့်ပတ်သက်သည့် အများပြည်သူ၏ သဘောထားအမြင်ကို ပုံဖော်ရာတွင် အင်တာနက်၏အရေးပါပုံကို ကောင်းစွာသိရှိပါသည်။ ကျွန်ုပ်တို့သည် လူမှုကွန်ရက်မှတစ်ဆင့် လုပ်ငန်းနယ်ပယ်အတွင်း စကားဝိုင်းများကို လမ်းကြောင်းထိန်းသိမ်းရာတွင် ဝန်ထမ်းများပါဝင်နိုင်သည့် အရေးကြီးသောအခန်းကဏ္ဍကိုလည်း ကောင်းစွာသိရှိပါသည်။ ကျွန်ုပ်တို့သည် လူမှုကွန်ရက်တုံ့ပြန်မှုများတွင် ပါဝင်ခြင်း သို့မဟုတ် ဘလော့ဂ်ရေးခြင်းဖြင့် အွန်လိုင်းတွင် တတ်သိနားလည်စွာ ထိတွေ့ဆက်ဆံနိုင်စေရန် ဝန်ထမ်းများ၏ အခွင့်အရေးကို ထောက်ပံ့ ဖြည့်ဆည်းပေးမည်ဟု ကတိကဝတ်ပြုထားပါသည်။

လူမှုကွန်ရက်သုံးရာတွင် လိုက်နာရမည့် အထွေထွေသတိပေးချက်များနှင့် လမ်းညွှန်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

- Ball နှင့်ပတ်သက်သည့် အဓိကကျပြီး အများပြည်သူသို့ထုတ်ပြန်ခြင်းမရှိသော အချက်အလက်များကို မည်သည့်အခါမျှ မထုတ်ဖော်ရပါ။
- Ball နှင့်ပတ်သက်သည့် တစ်စုံတစ်ရာကို သင်ပို့စ်တင်ရာတွင် ဒေသန္တရဥပဒေအရ ကုမ္ပဏီနှင့် သင်၏ဆက်ဆံရေးကို ဖော်ထုတ်ရန် လိုအပ်ခြင်းရှိမရှိ ဆုံးဖြတ်ပါ။
- လူမှုကွန်ရက်တွင် တင်ထားသော စာတိုများသည် အီးမေးလ်ကဲ့သို့ အမြဲတမ်းမှတ်တမ်းဝင်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ခွင့်ပြုချက်မရှိဘဲ ထပ်ဆင့်ဖြန့်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းတို့ ပြုလုပ်နိုင်ပါသည်။
- ဖောက်သည် သို့မဟုတ် ဝန်ထမ်းအချက်အလက်များ၊ မူပိုင်ခွင့်ရှိသော အရာများ သို့မဟုတ် အတွင်းရေးအချက်အလက်များကဲ့သို့ မည်သည့်ကုမ္ပဏီလျှို့ဝှက်အချက်အလက်များကိုမျှ သင်၏ကိုယ်ပိုင် လူမှုကွန်ရက်လုပ်ဆောင်မှုများနှင့် ဆက်သွယ်မှုများမှတစ်ဆင့် မျှဝေမှုမပြုလုပ်ရပါ။
- ဤကျင့်ဝတ်စည်းကမ်း သို့မဟုတ် ကုမ္ပဏီမူဝါဒများကို ချိုးဖောက်သော - ခွဲခြားဆက်ဆံသည့် သို့မဟုတ် ထိပါးစော်ကားသည့် မှတ်ချက်များ သို့မဟုတ် မသင့်တော်သည့် သို့မဟုတ် ရှက်ဖွယ်ကောင်းသည့် ရုပ်ပုံများကဲ့သို့သော - အကြောင်းအရာကို ပို့စ်တင်ခြင်း သို့မဟုတ် ပေးပို့ခြင်းမပြုလုပ်ခြင်းဖြင့် အခြားသူများကို လေးစားပါ။
- အထွေထွေစည်းမျဉ်းတစ်ခုအဖြစ် သင်သည် သတ်မှတ်ထားသော ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူမဟုတ်လျှင် Ball Corporation ကိုယ်စား မပြောကြားပါနှင့်။

ကျွန်ုပ်တို့၏ လူမှုကွန်ရက်လုပ်ဆောင်ချက်ဆိုင်ရာ မူဝါဒသည် အလုပ်ဆိုင်ရာ ဘလော့ဂ်ရေးခြင်း၊ ပို့စ်တင်ခြင်းနှင့် အခြားအင်တာနက်လုပ်ဆောင်မှုတို့နှင့်ပတ်သက်၍ သင့်တော်သော ဆုံးဖြတ်ချက်များချရာတွင်သာမက အွန်လိုင်းလောကတွင် အခြားသူများကို တုံ့ပြန်ရာတွင်လည်း လမ်းညွှန်မှုပေးပါသည်။ ဤမူဝါဒသည် ကျွန်ုပ်တို့ အလုပ်ခွင်တွင် မရှိလျှင်ပင် ကျွန်ုပ်တို့၏ လူမှုကွန်ရက်လုပ်ဆောင်ချက်အပေါ် အကျုံးဝင်ပါသည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **လူမှုကွန်ရက်လုပ်ဆောင်ချက်ဆိုင်ရာ မူဝါဒ** ကို ကိုးကားပါ။

**အမေးအဖြေ**

မေး - Steven သည် လူမှုကွန်ရက်မှ ပို့စ်များကို ဖတ်ရာတွင် Ball နှင့်ပတ်သက်၍ မမှန်ကန်ဟု သူသိထားသော ဖော်ပြချက်အချို့ကို သတိပြုမိသည်။ သူသည် တုံ့ပြန်၍ အမှန်အတိုင်း ရှင်းပြသင့်ပါသလား။

*ဖြေ - မလုပ်သင့်ပါ။ Steven သည် ဖော်ပြချက်များကို မတုံ့ပြန်ရပါ၊ သို့သော် သူသည်* ***လူမှုကွန်ရက်လုပ်ဆောင်ချက်ဆိုင်ရာ မူဝါဒ*** *ကို ကိုးကား၍ သူ၏မန်နေဂျာကို ဤဖော်ပြချက်များအကြောင်း အသိပေးသင့်ပါသည်။*

## ရင်းနှီးမြှုပ်နှံသူများ၊ မီဒီယာနှင့် စိတ်ဝင်စားမှုအခြေပြုအဖွဲ့များနှင့် ပြောဆိုဆက်ဆံခြင်း

ကျွန်ုပ်တို့ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံသူများ၊ လေ့လာဆန်းစစ်သူများ၊ စာနယ်ဇင်းနှင့် အများနှင့်ဆိုင်သော စိတ်ဝင်စားမှုအခြေပြုအဖွဲ့များကို စကားပြောရာတွင် တစ်ညီတစ်ညွတ်တည်းဖြစ်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့ကုမ္ပဏီ၏ ဆက်သွယ်ဆောင်ရွက်မှုများသည် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ကုမ္ပဏီမူဝါဒများနှင့်အညီ ဖြစ်ရပါမည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီအတွက် တရားဝင်ပြောရေးဆိုခွင့်ရှိသူမဟုတ်လျှင် သို့မဟုတ် ကော်ပိုရိတ်ဆက်သွယ်ရေးဌာန သို့မဟုတ် ရင်းနှီးမြှုပ်နှံသူဆက်ဆံရေးကို ဦးစွာဆက်သွယ်ထားခြင်းမရှိလျှင် ကျွန်ုပ်တို့ကုမ္ပဏီ၏ကိုယ်စား ကျွန်ုပ်တို့က အွန်လိုင်းတွင် ထုတ်ပြန်ခြင်းဖြစ်လျှင်ပင် ဆက်သွယ်ပြောဆိုခြင်း မပြုရပါ။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **ပြည်သူ့ဆက်ဆံရေးမူဝါဒ** နှင့် **ပြည်သူ့ရေးရာမူဝါဒ** ကို ကိုးကားပါ။

အွန်လိုင်းတွင်ထုတ်ပြန်ခြင်းဖြစ်လျှင်ပင် ကျွန်ုပ်တို့သည် ကုမ္ပဏီကိုယ်စား ဆက်သွယ်ပြောဆိုခြင်း မပြုရပါ။



# ကျွန်ုပ်တို့၏ဖောက်သည်များ၊ ပစ္စည်းတင်သွင်းသူများ နှင့် အခြားစီးပွားရေးမိတ်ဖက်များ နှင့် အပြန်အလှန်အကျိုးပြုခြင်း

## လက်ဆောင်ပဏ္ဏာများနှင့် ဆုကြေးများ ပေးခြင်းနှင့် လက်ခံခြင်း

စီးပွားရေးဆက်ဆံမှုတိုင်းတွင် ကျွန်ုပ်တို့ကုမ္ပဏီအတွက် အလုပ်လုပ်သူ သို့ ကုမ္ပဏီကိုယ်စားပြုလုပ်ကိုင်သူများသည် မရိုးသားမှု အမှန်တကယ်ပြုလုပ်ခြင်း သို့မဟုတ် မရိုးသားမှုပြုလုပ်ထားပုံရခြင်းကို ရှောင်သည့် ပုံစံအတိုင်း မိမိကိုယ်ကို ပြုမူနေထိုင်ရပါမည်။ ကျွန်ုပ်တို့သည် လက်ရှိဖောက်သည် သို့မဟုတ် ဖောက်သည်ဖြစ်လာမည့်သူများ၊ ပစ္စည်းတင်သွင်းသူများ သို့မဟုတ် အခြားစီးပွားရေးမိတ်ဖက်များနှင့်အတူ အစားအသောက်များနှင့် ဖျော်ဖြေပွဲများကဲ့သို့ အသင့်အတင့်သော လက်ဆောင်ပဏ္ဏာများ သို့မဟုတ် အခြားဆုကြေးများကို ပေးခြင်း သို့မဟုတ် ယူခြင်းတို့ အခါအားလျော်စွာ ပြုလုပ်နိုင်ပါသည်။ သို့သော် လုပ်ငန်းဆုံးဖြတ်ချက်တစ်ရပ်အပေါ် မလျော်မကန်လွှမ်းမိုးလိုသော ရည်ရွယ်ချက်ဖြင့် မည်သည့်လက်ဆောင်ပဏ္ဏာ သို့မဟုတ် ဆုကြေးကိုမဆို ပေးကမ်းခြင်း သို့မဟုတ် ရယူခြင်းပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်သည်ဟု ထင်ရလျှင်ပင် လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များ ပေါ်ပေါက်လာနိုင်ပါသည်။

စီးပွားရေးဆက်ဆံမှုတိုင်းတွင် ကျွန်ုပ်တို့ကုမ္ပဏီအတွက် အလုပ်လုပ်သူ သို့ ကုမ္ပဏီကိုယ်စားပြုလုပ်ကိုင်သူများသည် မရိုးသားမှု အမှန်တကယ်ပြုလုပ်ခြင်း သို့မဟုတ် မရိုးသားမှု ပြုလုပ်ထားပုံရခြင်းကို ရှောင်သည့် ပုံစံအတိုင်း မိမိကိုယ်ကို ပြုမူနေထိုင်ရပါမည်။

မလျော်ကန်သော လက်ဆောင်ပဏ္ဏာများနှင့် ဆုကြေးများနှင့်ပတ်သက်သည့် အန္တရာယ်ကို အနိမ့်ဆုံးအထိလျှော့ချနိုင်စေရန် ကျွန်ုပ်တို့ ပေးကမ်း သို့မဟုတ် ရယူသည့် လက်ဆောင်ပဏ္ဏာ သို့မဟုတ် ဆုကြေးသည် -

- လုပ်ငန်းရည်ရွယ်ချက်နှင့် ဆက်နွယ်သင့်ပါသည်
- အချိန်၊ နေရာနှင့်စပ်လျဉ်း၍ ဆီလျော်သင့်ပါသည်
- မဆိုစလောက်သော တန်ဖိုးသာ ရှိသင့်ပါသည်
- ရံဖန်ရံခါမှသာ ဖြစ်သင့်ပါသည်
- မတောင်းရဘဲ စေတနာအလျောက် ဖြစ်သင့်ပါသည်
- ငွေသား သို့မဟုတ် လက်ဆောင်ကတ်ကဲ့သို့ ငွေသားနှင့် အလားတူအရာများမဟုတ်သည့် တစ်စုံတစ်ခုဖြစ်သင့်ပါသည်
- စာရွက်စာတမ်းဖြင့် မှန်ကန်စွာ မှတ်သားထားသင့်ပါသည်
- သက်ဆိုင်ရာ ကုမ္ပဏီ/အခြားအဖွဲ့အစည်း၏ မူဝါဒများ (ပေးသူရော ယူသူပါ) နှင့်အညီ ဖြစ်သင့်ပါသည်
- ဒေသန္တရဥပဒေများအပါအဝင် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်သင့်ပါသည်
- မရိုးသားမှုဟူသော ထင်မြင်ချက်ကို မဖြစ်ပေါ်စေနိုင်သည့် အရောင်းအဝယ်မျိုး ဖြစ်သင့်ပါသည်

ဤသတ်မှတ်ချက်များနှင့်မညီသော ကျွန်ုပ်တို့ကိုပေးသည့် လက်ဆောင်ပဏ္ဏာ သို့မဟုတ် ဆုကြေးတို့ကို လိမ္မာပါးနပ်စွာ ငြင်းပယ်နိုင်ရန် ပြင်ဆင်ထားသင့်ပါသည်။

ထို့ပြင် အစိုးရအေဂျင်စီများနှင့် ဌာနများသည် ၎င်းတို့၏ဝန်ထမ်းများနှင့် မိသားစုဝင်များမှ လက်ဆောင်ပဏ္ဏာများ သို့မဟုတ် အခြားဆုကြေးများ လက်ခံခြင်းနှင့်ပတ်သက်၍ တင်းကျပ်သောသတ်မှတ်ချက်များအောက်တွင် လုပ်ကိုင်လေ့ရှိကြပါသည်။ ကျွန်ုပ်တို့သည် အစိုးရအေဂျင်စီများ၏ သတ်မှတ်ချက်များနှင့်သာမက အစိုးရအေဂျင်စီများနှင့် ရင်းနှီးသောဆက်ဆံရေးရှိသည့် ဖောက်သည်များ၊ ပစ္စည်းတင်သွင်းသူများနှင့် စီးပွားရေးမိတ်ဖက်များ၏ သတ်မှတ်ချက်များနှင့်လည်း အကျွမ်းတဝင်ရှိရပါမည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **ကော်ပိုရိတ်မှ ပိုင်ဆိုင်သည်များကို အသုံးချခြင်းမူဝါဒ** နှင့် **နိုင်ငံပြင်ပတွင် အကျင့်ပျက်ခြစားမှု/ကမ္ဘာလုံးဆိုင်ရာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးမူဝါဒ** ကို ကိုးကားပါ။

**သိရှိအပ်သောအရာများ –** အမေရိကန်ပြည်ထောင်စုအစိုးရအတွက်

*အမေရိကန်ပြည်ထောင်စုအစိုးရဝန်ထမ်းများအား မဆိုစလောက်တန်ဖိုးရှိသော ကြော်ငြာပစ္စည်းများမှလွဲ၍ တန်ဖိုးတစ်စုံတစ်ရာရှိ မည်သည့်လက်ဆောင်ပဏ္ဏာ သို့မဟုတ် ဆုကြေးကိုမှ လက်ခံခြင်းမပြုရန် တားမြစ်ထားပြီး ဝန်ထမ်းများအပေါ် $20/$50 စည်းမျဉ်း သက်ရောက်မည်ဖြစ်သည် (အောက်တွင် ဆွေးနွေးထားသည်)။ ဤတားမြစ်ချက်များကိုအခြေခံပြီး အမေရိကန်ပြည်ထောင်စုအစိုးရနှင့် ရင်းနှီးသောဆက်ဆံရေးရှိသည့် ဖောက်သည်များ၊ ကုန်သည်များနှင့် ပစ္စည်းတင်သွင်းသူများကို တစ်ကြိမ်လျှင်ပေးသော စုစုပေါင်းတန်ဖိုးမှာ $20 ထက်မကျော်မှသာလျှင် လက်ဆောင်ပဏ္ဏာများ သို့မဟုတ် အခြားဆုကြေးများပေးကမ်းခြင်းကို ခွင့်ပြုပါသည်။ ထို့ပြင် ပေးကမ်းသည့် လက်ဆောင်ပဏ္ဏာများ/အခြားဆုကြေးများ၏ စုစုပေါင်းတန်ဖိုးသည် ပြက္ခဒိန်နှစ်တစ်နှစ်တွင် $50 ထက်မကျော်လွန်ရပါ။*

*အမေရိကန်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ သို့ ၎င်းတို့၏ဝန်ထမ်းများကို ပေးကမ်းသော လက်ဆောင်ပဏ္ဏာများနှင့် ဆုကြေးများကို 2007 ခုနှစ် Honest Leadership and Open Government အက်ဥပဒေဖြင့် အထူးစည်းကမ်းကြပ်မတ်ထားပါသည်။ ဤကန့်သတ်ချက်များ၏ ရှုပ်ထွေးမှုကြောင့် Ball ဝန်ထမ်းများသည် အမေရိကန်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ သို့ ၎င်းတို့၏ဝန်ထမ်းများကို ကုမ္ပဏီ၏ကြိုတင်ခွင့်ပြုချက်မပါဘဲ လက်ဆောင်ပဏ္ဏာ သို့ ဆုကြေးပေးကမ်းခြင်းမပြုလုပ်ရပါ။ လုပ်ငန်းနှင့်မဆိုင်သည့်ရာထူးတစ်ခုဖြင့် ဝန်ထမ်းများ၏ နိုင်ငံရေးပါဝင်ကူညီမှုများအပေါ် ဤကန့်သတ်ချက်များ သက်ရောက်မှုမရှိပါ။*

## အမေးအဖြေ

မေး - Ball ပစ္စည်းတင်သွင်းသူအတွက် အလုပ်လုပ်သော Phillip သည် မကြာသေးမီက Josie အား "သင်၏အစဉ်တစိုက်အားပေးမှုအတွက် ကျေးဇူးတင်ပါသည်။ နောင်နှစ်ပေါင်းများစွာအထိ အလုပ်အတူဆက်လုပ်နိုင်ရန် မျှော်လင့်ပါသည်။" ဟု ရေးသားထားသော စာတစ်စောင်နှင့်အတူ ဈေးကြီးသော Rolex နာရီတစ်လုံးပေးခဲ့သည်။ Josie သည် Phillip ကို စော်ကားလိုခြင်းမဟုတ်ပါ၊ သို့သော် သူမအတွက် ထိုသို့ရက်ရက်ရောရောပေးသော လက်ဆောင်ကို လက်ခံရန် အဆင်မပြေပါ။ Josie ဘာလုပ်သင့်ပါသလဲ။

*ဖြေ - Josie သည် နာရီကို လက်မခံသင့်ပါ။ လက်ဆောင်ပေးခြင်းသည် ကောင်းမွန်သောအပြုအမူဆိုသော်လည်း ၎င်း၏တန်ဖိုးကြီးမြင့်မှုကြောင့် Josie ၏ လုပ်ငန်းဆုံးဖြတ်ချက်များကို မလျော်မကန်လွှမ်းမိုးရန် ရည်ရွယ်သောလက်ဆောင် ဖြစ်နိုင် သို့မဟုတ် ဖြစ်ဟန်တူပါသည်။ Ball ၏ ဝန်ထမ်းများအနေဖြင့် ကျွန်ုပ်တို့ကုန်သည်များနှင့် ဆက်ဆံရေးနှင့် ဝယ်ယူမှုများအတွက် လက်ဆောင်ပဏ္ဏာတစ်ခုပေါ်အခြေခံ၍မဟုတ်ဘဲ အကျိုးအကြောင်းဆင်ခြင်၍ ဆုံးဖြတ်ချက်များချကြရပါမည်။ Josie တွင် မေးစရာများရှိလျှင် သို့မဟုတ် လက်ဆောင်ပြန်ပေးခြင်းသည် Phillip ကို စော်ကားသလိုဖြစ်နိုင်သည်ဟု ခံစားရလျှင် လမ်းညွှန်မှုရယူနိုင်ရန်အတွက် စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့၊ ဥပဒေရေးရာဌာန သို့မဟုတ် သူမ၏မန်နေဂျာတို့ကို ဆက်သွယ်သင့်ပါသည်။*

# လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုကို ရှောင်ရှားခြင်း

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဆန်းသစ်သော ထုတ်ကုန်များနှင့် ဖောက်သည်များနှင့် နီးကပ်စွာရှိနိုင်ရန် အာရုံစိုက်လုပ်ဆောင်မှုအပေါ် အခြေခံပြီး ယှဉ်ပြိုင်ပါသည်။ ကျွန်ုပ်တို့၏စီးပွားဖက်များ သို့မဟုတ် အခြားအစိုးရအရာထမ်းများအား လာဘ်ထိုးခြင်း သို့မဟုတ် မလျော်မကန် လွှမ်းမိုးခြင်းကို မည်သည့်အခါမျှ မပြုလုပ်ပါ။

အမေရိကန်ပြည်ထောင်စု အကျင့်ပျက်ခြစားမှုအက်ဥပဒေ၊ ယူနိုက်တက်ကင်းဒမ်း လာဘ်ပေးလာဘ်ယူမှုအက်ဥပဒေ၊ ဘရာဇီး အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဥပဒေနှင့် အခြားနိုင်ငံများစွာတွင် ကျင့်သုံးသော အလားတူ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ဥပဒေများအပါအဝင် လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှုကို တားမြစ်သော နိုင်ငံတကာဥပဒေများစွာရှိပါသည်။ အရေးကြီးသည်မှာ လာဘ်ထိုးမှုများကို ဒေသဆိုင်ရာ ဓလေ့တစ်ခုအဖြစ် ဖော်ပြထားလျှင်ပင် သို့မဟုတ် ပမာဏနည်းပါးလျှင်ပင် ၎င်းတို့သည် အစဉ်အမြဲတရားမဝင်ဖြစ်၍ ကုမ္ပဏီမူဝါဒနှင့်လည်း ဆန့်ကျင်ပါသည်။

အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဥပဒေများကို ချိုးဖောက်ခြင်းအတွက် တစ်ဦးတစ်ယောက်ချင်းရော ကုမ္ပဏီပါ ကြီးလေးသောပြစ်ဒဏ် ခံရနိုင်ပါသည်၊ ကျွန်ုပ်တို့၏ဂုဏ်သိက္ခာအတွက် ဂုဏ်သတင်းကျော်စောခြင်းထက် အလားအလာကောင်းသော မည်သည့်စီးပွားရေးအခွင့်အလမ်းကမှ ပို၍အလေးမသာနိုင်ပါ။ ကျွန်ုပ်တို့သည် အစိုးရအရာထမ်း သို့မဟုတ် ကျွန်ုပ်တို့၏ စီးပွားဖက်တစ်ဦးဦး၏ ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေးကမ်းရန်၊ ကတိထားရန် သို့မဟုတ် တန်ဖိုးရှိသည့် မည်သည့်အရာကိုမဆိုပေးရန် မည်သည့်အခါမျှ သဘောမတူပါ။ ကျွန်ုပ်တို့သည် မိမိအတွက်ဖြစ်စေ၊ ကုမ္ပဏီကိုယ်စားဖြစ်စေ လာဘ်ထိုးမှုများကို တောင်းခံခြင်း သို့မဟုတ် လက်ခံခြင်း ပြုလုပ်မည်မဟုတ်သလို မသမာကြေးများကိုလည်း ပေးအပ်ခြင်းဖြစ်စေ လက်ခံခြင်းဖြစ်စေ လုပ်မည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် ကြားခံအဖွဲ့အစည်းများစွာနှင့် အလုပ်လုပ်ရာ အချို့မှာ ကျွန်ုပ်တို့ကိုယ်စားလုပ်ဆောင်နိုင်သလို အစိုးရအရာထမ်းများနှင့် အပြန်အလှန်ဆက်ဆံခြင်းမျိုးပင် ရှိနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤကြားခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် သတိထားရမည်ဖြစ်ပြီး ကျွန်ုပ်တို့ကိုယ်စား သူတို့ပြုလုပ်သည့် လုပ်ရပ်များကို စောင့်ကြည့်ရပါမည်။ ကျွန်ုပ်တို့၏ကြားခံအဖွဲ့အစည်းများသည် ကျွန်ုပ်တို့နည်းတူ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ပြဋ္ဌာန်းချက်များကို လိုက်နာရသောကြောင့် လာဘ်ထိုးတတ်သော သို့မဟုတ် ကျွန်ုပ်တို့ကိုယ်စား လာဘ်ထိုးမှုများကို လက်ခံသော မည်သည့်ကြားခံအဖွဲ့အစည်းနှင့်မျှ လုပ်ငန်းဆောင်ရွက်မှုပြုလုပ်မည်မဟုတ်ပါ။

နောက်ထပ်အချက်အလက်များအတွက် စည်းကမ်းကြီးကြပ်ရေးမဟာမိတ် သို့မဟုတ် ဥပဒေရေးရာဌာနကို ဆက်သွယ်ပါ သို့မဟုတ် BallConnect ရှိ **နိုင်ငံပြင်ပတွင် အကျင့်ပျက်ခြစားမှု/ကမ္ဘာလုံးဆိုင်ရာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးမူဝါဒ** ကို ကိုးကားပါ။

## မိမိအတွက်ဖြစ်စေ၊ ကုမ္ပဏီကိုယ်စားဖြစ်စေ လာဘ်ထိုးမှုများကို တောင်းခံခြင်း သို့မဟုတ် လက်ခံခြင်း ပြုလုပ်မည်မဟုတ်သလို မသမာကြေးများကိုလည်း အပေးအယူလုပ်မည်မဟုတ်ပါ။

### သိရှိအပ်သောအရာများ

အစိုးရအရာထမ်းတစ်ဦးဟုဆိုရာတွင် အရာရှိတစ်ဦး၊ ဝန်ထမ်း သို့မဟုတ် အစိုးရအေဂျင်စီတစ်ခု၏ ကိုယ်စားလှယ် သို့မဟုတ် အစိုးရပိုင် သို့မဟုတ် အစိုးရမှထိန်းချုပ်ထားသော လုပ်ငန်းတစ်ခု၏ ဝန်ထမ်းတစ်ဦးဖြစ်နိုင်သည်။ အဆိုပါဝေါဟာရကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားကာ ၎င်းတွင် အရာထမ်းများ၏ မိသားစုဝင်များပါဝင်ပြီး ကုမ္ပဏီတွင် နိုင်ငံရပ်ခြားအစိုးရမှ ရှယ်ယာအများစုကို ပိုင်ဆိုင်သည့် ကုမ္ပဏီအထွေထွေမန်နေဂျာကိစ္စရပ်မျိုးတွင် အစိုးရချိတ်ဆက်မှုသည် ပွင့်လင်းမြင်သာမှုမရှိသော်လည်း ၎င်းကို သုံးနိုင်ပါသည်။

*Ball ကိုယ်စားဆောင်ရွက်ရန် အခွင့်ရှိသူများဖြစ်သော ကိုယ်စားလှယ်များ၊ အကြံပေးများ၊ တာဝန်ခံကိုယ်စားလှယ်များ၊ ပစ္စည်းတင်သွင်းသူ၊ ဖြန့်ဖြူးသူများကဲ့သို့မဟုတ်ဘဲ ကြားခံအဖွဲ့အစည်းအေဂျင်စီများသည် Ball ၏ ဝန်ထမ်းများမဟုတ်ပါ။*

### အမေးအဖြေ

မေး - Evan သည် အကျွမ်းတဝင်မရှိသော နိုင်ငံတစ်ခုတွင် Ball အဆောက်အအုံသစ်တစ်ခုဖွင့်လှစ်ရန်အတွက် ခွင့်ပြုမိန့်ရရန် ကြိုးပမ်းနေသည်။ သူ့အနေဖြင့် သူသည် ပြည်တွင်းအကြံပေးတစ်ဦးဦးကို ငှားရမ်းပြီး အခကြေးငွေပေးထားပါက ခွင့်ပြုချက်ကို လွယ်လွယ်ရနိုင်ကြောင်း သူ့ကိုပြောကြားထားတာရှိပါသည်။ သူ ဆက်လက်လုပ်ဆောင်သင့်ပါသလား။

*ဖြေ - Evan သတိထားသင့်ပါသည်။ ကြားခံအဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့အလုပ်လုပ်သည့်အခါ ၎င်းတို့သည် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ပြဋ္ဌာန်းချက်များအပါအဝင် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနေကြောင်း ကျွန်ုပ်တို့အနေဖြင့် မဖြစ်မနေသေချာရပါမည်။ ကျွန်ုပ်တို့သည် ကြားခံအဖွဲ့အစည်းကိုယ်စားလှယ်များ အသုံးပြုရန်အတွက် ထိုက်သင့်သောလုံ့လဝီရိယနှင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်း စစ်ဆေးမှုပြုလုပ်ခြင်းလုပ်ငန်းစဉ်ကို သေချာစွာလိုက်နာဆောင်ရွက်ထားသင့်ပါသည်။ ကြားခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် ကြားခံအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး မေးစရာများရှိလျှင် စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့ သို့မဟုတ် ဥပဒေရေးရာဌာနကို ဆက်သွယ်ပါ။*

# တရားသဖြင့်စီးပွားရေးလုပ်ကိုင်ခြင်း

## မျှတစွာယှဉ်ပြိုင်ခြင်း

ယှဉ်ပြိုင်သူများနှင့် ပြုလုပ်သည့် အချို့သောဆွေးနွေးမှုများနှင့် အခြားသောမမျှတသည့်စီးပွားရေးယှဉ်ပြိုင်လုပ်ကိုင်မှုများကို ဥပဒေနှင့်ဆန့်ကျင်စေသည့် ကျွန်ုပ်တို့ကုမ္ပဏီများအပေါ် အာဏာသက်ရောက်သည့် နိုင်ငံတကာနည်းဥပဒေများစွာ ရှိပါသည်။ ဥပမာအားဖြင့် ဈေးနှုန်းညှိနှိုင်းသတ်မှတ်ရန် သို့ ၎င်းတို့၏ကုန်ပစ္စည်းများအတွက် အမြတ်အစွန်းပမာဏအား ပြင်ဆင်သတ်မှတ်ရန်၊ ၎င်းတို့၏ကုန်ပစ္စည်းများအတွက် ကုန်ထုတ်အဆင့်များသတ်မှတ်ရန်၊ ၎င်းတို့၏ကုန်ပစ္စည်းများအတွက် ပထဝီအနေအထားအရဖြစ်စေ၊ ဖောက်သည်များအားဖြင့်ဖြစ်စေ ဈေးကွက်နေရာခွဲဝေယူရန် သို့မဟုတ် လက်ဝါးချင်းရိုက်၍ ဈေးပြိုင်ပေးခြင်း (လေလံ/တင်ဒါညှိနှိုင်းရယူခြင်း ဟုလည်းခေါ်သည်) တွင် ပါဝင်ရန် အထူးတလည် သဘောတူညီချက်တစ်ခုအားဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် ပူးတွဲဆောင်ရွက်ချက်တစ်ခုတွင် ပါဝင်ခြင်းသည် စီးပွားရေးလုပ်ငန်းယှဉ်ပြိုင်သူများအတွက် ဥပဒေနှင့်ဆန့်ကျင်ရာရောက်စေပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် အောက်ပါအချက်များနှင့် ပတ်သက်၍ ပြိုင်ဘက်များနှင့် ဆွေးနွေးခြင်း၊ အချက်အလက်များ ဖလှယ်ခြင်း သို့မဟုတ် သဘောတူညီချက်များပြုလုပ်ခြင်းတို့ကို မပြုလုပ်သင့်ပါ။

- ဈေးနှုန်းများ သို့မဟုတ် ဖောက်သည်များနှင့် အရောင်းသတ်မှတ်ချက်များ
- ဈေးနှုန်းများ သို့ ပစ္စည်းတင်သွင်းသူများမှ ဝယ်ယူမှုသတ်မှတ်ချက်များ
- မည်သို့သော ဖောက်သည်များကို မည်သည့်ကုန်ပစ္စည်းများ တင်သွင်းမည်နည်း
- မည်သို့သော ပစ္စည်းတင်သွင်းသူများကို အသုံးပြု၍ မည်သည့်ကုန်ပစ္စည်းများကို သတ်မှတ်ထားသော တင်သွင်းသူများမှ ဝယ်ယူမည်နည်း
- ဈေးကွက်များကို လက်ဝါးကြီးအုပ်ခြင်း၊ လွှမ်းမိုးခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း
- ဖောက်သည်တစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ ဒေသဖြင့်ပိုင်းခြားသော ဈေးကွက်တစ်ခုအတွက်ဖြစ်စေ ထုတ်ကုန်တစ်ခုကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းကို ရပ်စဲခြင်း

ယှဉ်ပြိုင်သူများနှင့် ပြုလုပ်သည့် အချို့သောဆွေးနွေးမှုများနှင့် အခြားသောမမျှတသည့်စီးပွားရေးယှဉ်ပြိုင်လုပ်ကိုင်မှုများကို ဥပဒေနှင့်ဆန့်ကျင်စေသည့် ကျွန်ုပ်တို့ကုမ္ပဏီများအပေါ် အာဏာသက်ရောက်သည့် နိုင်ငံတကာနည်းဥပဒေများစွာ ရှိပါသည်။



ပြိုင်ဘက်တစ်ဦးမှ ဤသို့သောအကြောင်းအရာတစ်ခုခုနှင့်ပတ်သက်၍ ပြောဆိုရန် ကြိုးပမ်းပါက သို့မဟုတ် အခြားသော မမျှတသည့်ယှဉ်ပြိုင်လုပ်ကိုင်မှုများတွင် ပါဝင်ရန် ကျွန်ုပ်တို့ကို ဖိတ်ခေါ်ပါက ဥပဒေရေးရာဌာန သို့မဟုတ် စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့ကို ချက်ချင်းဆက်သွယ်သင့်ပါသည်။ မမျှတသည့်ယှဉ်ပြိုင်လုပ်ကိုင်မှုများ ပေါ်ပေါက်လာခြင်းသည် ကျွန်ုပ်တို့ကုမ္ပဏီအတွက် ဒုက္ခရောက်စေနိုင်ရုံသာမက ထိုသို့ပါဝင်လိုက်ခြင်းအားဖြင့် ပြစ်မှုဆိုင်ရာ အရေးယူခံရနိုင်သည့်အပြင် ကျွန်ုပ်တို့လုပ်ငန်း၏ ဂုဏ်သတင်းကိုလည်း ညစ်နွမ်းစေပါသည်။ ကုန်သွယ်ပြပွဲများ သို့မဟုတ် ကွန်ဖင်းရှင်းများ ကဲ့သို့ သံသယဖြစ်ဖွယ်လုပ်ရပ်ကို ဖြစ်စေနိုင်သည့် အခြေအနေများကို သတိထားပါ၊ စိုးရိမ်ပူပန်စရာရှိပါက မေးမြန်းပါ။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **ယှဉ်ပြိုင်မှုမူဝါဒ** ကို ကိုးကားပါ။

**အမေးအဖြေ**

မေး - Katya သည် ပြိုင်ဘက်လုပ်ငန်းတစ်ခု၏ ဝန်ထမ်းဖြစ်သူ Dean ၏ ဘေးတွင်ထိုင်လျက် ကုန်သွယ်ပြပွဲတစ်ခုတွင် နေ့လယ်စာစားနေသည်၊ Ball အနေဖြင့် ကုန်ပစ္စည်းနယ်ပယ်အသစ်ကို ရွှေ့ပြောင်းရန်ရှိမရှိ Dean မှ Katya အား မေးမြန်းပြီး သူ၏ကုမ္ပဏီသည် Ball နှင့် ယှဉ်ပြိုင်ရနိုင်သည့် ကုန်ပစ္စည်းအသစ်များထုတ်ရန်ရှိကြောင်း ပြောပြသည်။ Katya သည် Dean နှင့် ဆွေးနွေးပြောဆိုရန် လက်မခံဘဲ ထွက်လာသည်။ Ball ၏ အချက်အလက်များကို ပြောပြခြင်းမရှိဘဲ ချက်ချင်းထွက်လာသောကြောင့် သူမသည် ဤအဖြစ်အပျက်ကို တင်ပြရန် လိုအပ်ပါသေးလား။

*ဖြေ - လိုပါသည်။ Dean သည် Katya ကို အချက်အလက်များပြောပြပြီး Ball ၏ ကုန်ထုတ်နည်းဗျူဟာအကြောင်း သိရှိအောင်ကြိုးပမ်းပုံရပါသည်။ Katya သည် စည်းကမ်းကြီးကြပ်ရေးမဟာမိတ် သို့မဟုတ် ဥပဒေရေးရာဌာနကို ချက်ချင်းဆက်သွယ်သင့်ပါသည်၊*

**သိရှိအပ်သောအရာများ**

*ဈေးနှုန်းသတ်မှတ်ခြင်း၊ ကုန်ကျစရိတ်များ၊ အရောင်းသတ်မှတ်ချက်များ သို့ စည်းကမ်းချက်များ၊ ရည်ရွယ်သည့် ဈေးကွက်အပိုင်းအခြားများ၊ ဖောက်သည်များ သို့မဟုတ် ဈေးကွက်ချဲ့ထွင်ရေးနည်းဗျူဟာများ ကဲ့သို့သော အကြောင်းအရာများနှင့် ပတ်သက်၍ ပြိုင်ဘက်များ(သို့ ပြိုင်ဘက်ဖြစ်လာနိုင်သူများ)နှင့် ဆွေးနွေးခြင်း သို့မဟုတ် အချက်အလက်များ ဖလှယ်ခြင်းမပြုလုပ်ပါနှင့်။ ဆွေးနွေးမှုတစ်ခုသည် ငြင်းခုံဖွယ်ရာဖြစ်၍ ထိခိုက်လွယ်သော အကြောင်းအရာဖက်သို့ ရောက်သွားပါက အပြန်အလှန်ပြောဆိုခြင်းကို ရပ်တန့်ပါ၊ အခြေအနေကိုပြောင်းလိုက်ပြီး စည်းကမ်းကြီးကြပ်ရေးမဟာမိတ် သို့ ဥပဒေရေးရာဌာနသို့ အဖြစ်အပျက်ကို တင်ပြပါ။*

## မျှတသောရောင်းချမှုနှင့် ဈေးကွက်ချဲ့ထွင်ခြင်းအလေ့အထများ

ပြိုင်ဘက်များနှင့် ပစ္စည်းတင်သွင်းသူများဆိုင်ရာ အချက်အလက်သည် အရေးပါသောအရာများဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပြိုင်ဘက်များနှင့် ပစ္စည်းတင်သွင်းသူများ၏ အခွင့်အရေးကို လေးစားပြီး ၎င်းတို့ကို အစဉ်အမြဲ တရားမျှတစွာ ပြုမူဆက်ဆံသွားမည်ဖြစ်ပါသည်။ ကျင့်ဝတ်နှင့်မညီသော လုပ်ငန်းလုပ်ကိုင်မှုများဖြင့် မဟုတ်ဘဲ ကျွန်ုပ်တို့၏ ထုတ်ကုန်အရည်အသွေးဖြင့် ယှဉ်ပြိုင်မှုအားသာချက်များ ရရှိနိုင်အောင် ကြိုးပမ်းပါသည်။

Ball အတွက် စီးပွားရေးလုပ်ငန်းကို စီမံဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာ၍ မျှတသောအမူအကျင့်ဖြင့်သာ ဆောင်ရွက်လျက်ရှိကြောင်း သေချာအောင်ဆောင်ရွက်သွားပါမည်။ ကျွန်ုပ်တို့ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရာတွင် ပြိုင်ဘက်နှင့်ပတ်သက်၍ ချိုးနှိမ်သော သို့မဟုတ် မမှန်ကန်သောဖော်ပြချက်များနှင့် ကျွန်ုပ်တို့ကုန်ပစ္စည်းများနှင့် ပတ်သက်၍ မတိကျသော သို့မဟုတ် မမျှတသော ဖော်ပြချက်များပြုလုပ်ခြင်းကိုရှောင်ကြဉ်သင့်ပါသည်။ ဤအလေ့အထများကို ချိုးဖောက်ခြင်းသည် Ball နှင့် ပါဝင်သောဝန်ထမ်းများအား တရားမကြောင်းအရ သို့မဟုတ် ပြစ်မှုကြောင်းအရ ပေးလျော်ရန် တာဝန်ရှိစေနိုင်ပါသည်။

## ထုတ်ကုန်အရည်အသွေး

ကျွန်ုပ်တို့၏ မတူညီသော လုပ်ငန်းခွဲများအနှံ့အပြားတွင် ကျွန်ုပ်တို့၏ရေရှည်အောင်မြင်မှုသည် အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းပေါ် မူတည်ပါသည်။ ဝန်ထမ်းများအနေဖြင့် ကျွန်ုပ်တို့ထုတ်ကုန်များကို တစ်သမတ်တည်း ထုတ်လုပ်နိုင်စေရန်နှင့်အရည်အသွေးပြည့်မီစေရန် လိုအပ်သောအဆင့်တိုင်းကို လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကျွန်ုပ်တို့၏စက်ရုံများ၊ ဓာတ်ခွဲခန်းများတွင်ဖြစ်စေ၊ ရုံးတည်ရှိရာနေရာများတွင်ဖြစ်စေ Ball ၏ စံနှုန်းနှင့်မကိုက်ညီသော တစ်စုံတစ်ရာကို တွေ့ရှိပါက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မန်နေဂျာ သို့မဟုတ် စည်းကမ်းကြီးကြပ်ရေးမဟာမိတ်ကို ဆက်သွယ်သင့်ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပြိုင်ဘက်များနှင့် ပစ္စည်းတင်သွင်းသူများ၏ အခွင့်အရေးကို လေးစားပြီး ၎င်းတို့ကို အစဉ်အမြဲ တရားမျှတစွာ ပြုမူဆက်ဆံသွားမည်ဖြစ်ပါသည်။



# ကျွန်ုပ်တို့၏လူမှုအဖွဲ့အစည်းများကို ထောက်ပံ့ပေးခြင်း

## သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်း

ကျွန်ုပ်တို့ကုမ္ပဏီ၏ အဆောက်အအုံများကို ကျွန်ုပ်တို့ကော်ပိုရိတ်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနှင့် အလုံးစုံသော သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ၊ စည်းကမ်းချက်များနှင့် ကိုက်ညီအောင် စီမံဆောင်ရွက်ပြီး လည်ပတ်လုပ်ဆောင်ပါသည်။ လုပ်ငန်းဌာနတစ်ခုစီတိုင်းသည် ၎င်း၏လုပ်ငန်းလည်ပတ်မှုအတွက် သင့်လျော်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းစနစ်တစ်ခုကို ထိန်းသိမ်းထားလျက်ရှိကာ ဤနည်းစနစ်များအရ လုပ်ဆောင်ရမည့် ကျွန်ုပ်တို့တာဝန်များကို ကောင်းစွာသိရှိရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် လက်ရှိနှင့် နောက်ဖြစ်လာမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်ကို လျှော့ချခြင်းတို့တွင် ဦးဆောင်နိုင်အောင် ကြိုးပမ်းလျက်ရှိပါသည်။

နောက်ထပ်အချက်အလက်များအတွက် **BallConnect ရှိ** သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးမူဝါဒကို ကိုးကားပါ။

ကျွန်ုပ်တို့ကုမ္ပဏီသည် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရေးတွင် ခေါင်းဆောင်တစ်ဦးဖြစ်စေရေး အားထုတ်ဆောင်ရွက်နေသည်။

# လူမှုအဖွဲ့အစည်းတွင် ပါဝင်ခြင်း


## ရေရှည်တည်တံ့မှု

ရေရှည်တည်တံ့မှုသည် ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီတစ်ခုအနေဖြင့် ကျွန်ုပ်တို့နေ့စဉ်လုပ်ဆောင်နေသည့်အရာများနှင့် ကျွန်ုပ်တို့လုပ်ဆောင်မှုများ၏ အနီးအနားပတ်ဝန်းကျင်အပေါ် အပြန်အလှန်အကျိုးပြုပုံနှင့်ပတ်သက်သည့် နည်းစနစ်ကျသော အတွေးအခေါ်တစ်ရပ်ဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချရာနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် အကျိုးသက်ရောက်မှုကို ချိန်ညှိလုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့ကုမ္ပဏီနှင့် အစုရှယ်ယာဝင်များအတွက် တူညီသည့် ရေရှည်တန်ဖိုးတစ်ခုကို ဖန်တီးလျက်ရှိပါသည်။

ဆယ်စုနှစ်ပေါင်းများစွာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကုန်ပစ္စည်းများထုပ်ပိုးရာတွင် အသုံးပြုသည့်ပစ္စည်းပမာဏကို လျှော့ချခြင်း၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာအသုံးပြုမှုကို မြှင့်တင်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှုကို တိုးမြှင့်ခြင်း၊ ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများဖြင့် ထုပ်ပိုးမှုအစီအစဉ်များကို အားပေးခြင်း၊ ပရဟိတအဖွဲ့အစည်းများတွင် ပါဝင်ကူညီခြင်းနှင့် ကျွန်ုပ်တို့နေထိုင်လုပ်ကိုင်နေသည့် ရပ်ရွာလူထုအဖွဲ့အစည်းများတွင် မြှုပ်နှံခြင်းတို့ကို လုပ်ဆောင်ထားပြီးဖြစ်ပါသည်။ ယခုအချိန်တွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ရေရှည်တည်တံ့ရေးအားထုတ်မှုများကို ထုတ်ကုန်ကြီးကြပ်မှု၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အရည်အသွေး၊ ဝန်ထမ်းများ၏အရည်အချင်းကို စီမံခန့်ခွဲခြင်းနှင့် ရပ်ရွာလူထုအကျိုးပြုစေတနာ့ဝန်ထမ်းများအပါအဝင် အဓိကဦးစားပေးနေရာများအပေါ်တွင် ဦးတည်၍လုပ်ဆောင်လျက်ရှိပါသည်။ ကျွန်ုပ်တို့ လုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေ၊ စွန့်ပစ်ပစ္စည်းနှင့် ပေါက်ကွဲတတ်သော ဇီဝဒြပ်ပေါင်းများ (VOCs) ဖြစ်ကြသည့် Big 6 အပေါ်တွင် အာရုံစိုက်လုပ်ဆောင်ပါသည်။

ကုမ္ပဏီ၏ နှစ်နှစ်တစ်ကြိမ် ရေရှည်တည်တံ့မှုအစီရင်ခံစာတွင် ကျွန်ုပ်တို့၏ရေရှည်တည်တံ့စေရေး နည်းဗျူဟာ၊ ယခင်စွမ်းဆောင်မှုများနှင့် အနာဂတ်ရည်မှန်းချက်များကို ဖော်ပြထားပါသည်။ Ball ၏ ရေရှည်တည်တံ့စေရေး ကတိကဝတ်နှင့်ပတ်သက်၍ ပိုမိုသိရှိရန် www.ball.com/sustainability သို့ ဝင်ရောက်ပါ။ ဝန်ထမ်းများအားလုံးသည် ကျွန်ုပ်တို့၏ ရေရှည်တည်တံ့ရေး ရည်မှန်းချက်များကို သိရှိနားလည်ပြီး ၎င်းတို့အတိုင်း လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ ပိုမိုထိရောက်သော ကိရိယာတပ်ဆင်ခြင်းကဲ့သို့ ကြီးမားသောလုပ်ရပ်များဖြင့်ဖြစ်စေ၊ ပရဟိတလုပ်ခြင်း၊ စွန့်ပစ်ပစ္စည်းပြန်လည်သုံးစွဲမှု မြှင့်တင်ခြင်း သို့ မီးပိတ်ခြင်းကဲ့သို့ သေးငယ်သောလုပ်ရပ်များဖြင့်ဖြစ်စေ ကျွန်ုပ်တို့သည် Ball တွင် ရေရှည်တည်တံ့ရေး ခံယူချက်ကို အကောင်အထည်ဖော်နိုင်ပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ရေရှည်တည်တံ့ရေးအားထုတ်မှုများကို ကော်ပိုရိတ် ရေရှည်တည်တံ့မှု ဦးစားပေးအချက်ခြောက်ချက်ဖြစ်သော - ဆန်းသစ်တီထွင်မှု၊ လုပ်ငန်းလည်ပတ်မှုများ၊ ဝန်ထမ်းများ၏အရည်အချင်းကို စီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုခြင်း၊ ထုတ်လုပ်ရေးယန္တရားနှင့် ရပ်ရွာလူထုအဖွဲ့အစည်း တို့အပေါ်တွင် ဦးတည်၍လုပ်ဆောင်ပါသည်။



## ပရဟိတအဖွဲ့အစည်းများ

ကျွန်ုပ်တို့ကုမ္ပဏီစတင်တည်ထောင်စဉ်ကပင် ကျွန်ုပ်တို့နေထိုင်လုပ်ကိုင်ရာ လူမှုအဖွဲ့အစည်းများအပေါ် ကျွန်ုပ်တို့၏ အားစိုက်ဆောင်ရွက်ချက်သည် Ball ၏ ကော်ပိုရိတ်အလေ့အထ၏ တစ်သားတည်းဖြစ်သော အစိတ်အပိုင်းအဖြစ် ရှိနေပြီးဖြစ်သည်။။ ကျွန်ုပ်တို့သည် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကြောင်းများကို လမ်းဖွင့်ပေးပြီး လူထု အကျိုးဆောင်ပရဟိတအလုပ်များနှင့်စေတနာ့ဝန်ထမ်းအလုပ်များကို အားပေးသည့် အဖွဲ့အစည်းများ၊ အစီအစဉ်များနှင့် မြို့ပြရှေ့ဆောင်အဖွဲ့များကို Ball မှ ပံ့ပိုးသော ကုသိုလ်ဖြစ်အလှူများနှင့် အခြားခေါင်းစဉ်အောက်မှတစ်ဆင့် ထောက်ပံ့ ပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့၏စေတနာ့ဝန်ထမ်းအလုပ်များ၊ လှူဒါန်းမှုများနှင့် ရပ်ရွာလူထုအဖွဲ့အစည်းတွင် ပါဝင်မှု တို့သည် ကျွန်ုပ်တို့စည်းကမ်းသတ်မှတ်ချက်၊ ကျွန်ုပ်တို့၏မူဝါဒနှင့် နည်းဥပဒေတို့နှင့် ကိုက်ညီကြောင်း သေချာစေ၍ ဥပမာ- ကျွန်ုပ်တို့၏လှူဒါန်းမှုများသည် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနည်းဥပဒေများ သို့မဟုတ် အခြားသက်ဆိုင်ရာ စံနှုန်းများနှင့် စည်းမျဉ်းများကို ချိုးဖောက်မှုမရှိကြောင်း သေချာစေရမည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **Matching Gifts and Volunteer Policy** ကို ကိုးကားပါ။

## နိုင်ငံရေးလှုပ်ရှားမှုများတွင် တာဝန်သိသိပါဝင်ခြင်း

ကျွန်ုပ်တို့တစ်ဦးတစ်ယောက်စီအနေဖြင့် ကျွန်ုပ်တို့ရွေးချယ်ထားသည့် နိုင်ငံရေးလုပ်ငန်းစဉ်တွင် တရားနည်းလမ်းတကျ ပါဝင်လုပ်ဆောင်နိုင်ရန် ကုမ္ပဏီက အားပေးပါသည်။ သို့သော်လည်း နိုင်ငံရေးစည်းရုံးလှုံ့ဆော်ပွဲများတွင် Ball ၏ ပါဝင် ကူညီမှုကို အထူးစည်းကမ်းကြပ်မတ်ထားပါသည်။ ကျွန်ုပ်တို့၏မူဝါဒသည် နိုင်ငံရေးရည်ရွယ်ချက်များအတွက် ကော် ပိုရိတ်ပိုင် အရာများ အသုံးပြုခြင်းကို ဥပဒေအရခွင့်မပြုထားသည့်အတိုင်းအတာအထိ အထူးအားဖြင့် တားမြစ်ထား ပါသည်။ Ball သည် အမေရိကန်ပြည်ထောင်စု ကွန်ကရက်ကို ဝင်ရောက်ရန် ကြိုးပမ်းနေသည့် ကိုယ်စားလှယ်လောင်း များကို တရားဝင်ကူညီပံ့ပိုးပေးသည့် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုကော်မတီ (BallPAC) တစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **ဝန်ထမ်းများ၏ နိုင်ငံရေးတွင် ပါဝင်ကူညီမှုနှင့် နိုင်ငံရေးလှုပ်ရှားမှုမူဝါဒ** နှင့် **နိုင်ငံပြင်ပတွင် အကျင့်ပျက်ခြစားမှု/ကမ္ဘာလုံးဆိုင်ရာ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးမူဝါဒ** ကို ကိုးကားပါ။



## စီးပွားရေး နှင့် ကုန်သွယ်ရေး ပိတ်ဆို့မှုများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း

ကျွန်ုပ်တို့သည် သက်ဆိုင်ရာကုန်သွယ်ရေးနည်းဥပဒေများနှင့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ထားပါသည်။ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် Ball စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသည့် နေရာများစွာတွင် သွင်းကုန်၊ ထုတ်ကုန်၊ ဆော့ဖ်ဝဲလ်၊ နည်းပညာနှင့် နည်းပညာအချက်အလက် (အီလက်ထရွန်နစ်စနစ်သုံး၍ ပေးပို့သော ဒေတာများနှင့် ဝန်ဆောင်မှုများ)ကို ကြီးကြပ်သည့် စည်းကမ်းချက်များတို့အပြင် ကုန်သွယ်မှုပိတ်ပင်မိန့်များ၊ သပိတ်မှောက်မှုများနှင့် အခြားစီးပွားရေးဆိုင်ရာ အရေးယူမှုများနှင့် စပ်လျဉ်းသော စည်းကမ်းချက်များ ရှိပါသည်။

ကုန်သွယ်ရေးဥပဒေများနှင့် စည်းကမ်းချက်များသည် အချို့သောလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ကုန်သွယ်မှုတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းမှ ကာကွယ်ပေးပါသည်။ ဤကုန်သွယ်ရေးဥပဒေများကို ချိုးဖောက်ခြင်းကြောင့် Ball နှင့် တာဝန်ရှိသူဝန်ထမ်းများကို ကြီးလေးသော ငွေဒဏ်နှင့် တရားမကြောင်းအရ ပြစ်ဒဏ်ချမှတ်နိုင်ပါသည်။ Ball ၏ စီးပွားရေးနှင့် ကုန်သွယ်ရေးအရေးယူမှုမူဝါဒအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ဝန်ထမ်းတစ်ဦးသည် ၎င်း၏အရည်အချင်းအကဲဖြတ်မှုမှတ်တမ်းအပေါ် ထိခိုက်စေနိုင်ပြီး အလုပ်မှရပ်ဆိုင်းခြင်းအပါအဝင် စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူမှုလည်းခံရနိုင်ပါသည်။


ဤနည်းဥပဒေများနှင့် စည်းကမ်းသတ်မှတ်ချက်များသည် ရှုပ်ထွေး၍ အခါအားလျော်စွာ အပြောင်းအလဲရှိပါသည်။ နောက်ထပ်အချက်အလက်များအတွက် BallConnect ရှိ **သွင်းကုန်၊ထုတ်ကုန်ဆိုင်ရာ စည်းကမ်းကြီးကြပ်ရေးမူဝါဒ** နှင့် **စီးပွားရေးနှင့်ကုန်သွယ်ရေးခွင့်ပြုချက်နှင့်အညီ လိုက်နာဆောင်ရွက်ရေးမူဝါဒ** ကို ကိုးကားပါ။

## ငွေကြေးခဝါချမှုကို ရှောင်ရှားခြင်း

ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် ငွေကြေးခဝါချမှုကို တားမြစ်သည့် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ငွေကြေးခဝါချခြင်းသည် လူပုဂ္ဂိုလ်များ သို့ အစုအဖွဲ့များမှ တရားမဝင်လုပ်ဆောင်မှုများကို ဖုံးကွယ်ရန် သို့ ၎င်းတို့၏ တရားမဝင်ငွေကြေးရင်းမြစ်များကို တရားဝင်ဖြစ်ဟန်ပေါ်အောင် ပြုလုပ်ရန် ကြိုးပမ်းသည့် ဖြစ်စဉ်ဖြစ်ပါသည်။

ထူးဆန်းသော သို့ မသင်္ကာစရာကောင်းသော အရောင်းအဝယ်လုပ်ငန်းများရှိလာသည့်အခါ ကျွန်ုပ်တို့သည် ကြိုတင်မျှော်မှန်းဆောင်ရွက်နိုင်ရပါမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဌာနအတွင်းရှိ ငွေကြေးခဝါချခြင်းလုပ်ရပ်များ ပိုမိုပြုလုပ်လွယ်သည့် အရောင်းအဝယ်လုပ်ငန်းများနှင့် လုပ်ဆောင်မှုအမျိုးအစားများကို သိရှိရမည်ဖြစ်ပြီး တိုးမြှင့်စောင့်ကြည့်ရန်လိုအပ်ပါသည်။ လုပ်ဆောင်မှုတစ်ခု သို့ အရောင်းအဝယ်တစ်ခုကို မသင်္ကာစရာကောင်းသည်ဟုထင်ပါက ကျွန်ုပ်တို့ မန်နေဂျာ သို့ စည်းကမ်းကြီးကြပ်ရေးမဟာမိတ်ကို ချက်ချင်းဆက်သွယ်ရပါမည်။





## စီးပွားရေးအသိဉာဏ်ကို မျှတစွာတိုးမြှင့်ခြင်း

ကျွန်ုပ်တို့ကုမ္ပဏီသည် ဈေးကွက်အကြောင်း သိရှိနိုင်ရန်၊ နည်းပညာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အပြောင်းအလဲများအပေါ် ကြိုတင်မျှော်မှန်းနိုင်ရန်နှင့် ယှဉ်ပြိုင်ခြင်း၏ အကျိုးသက်ရောက်မှုကို ချင့်ချိန်ဆုံးဖြတ်နိုင်ရန်အတွက် အစီအစဉ်များနှင့် ဗျူဟာများရေးဆွဲထားပါသည်။

ပြိုင်ဘက်များ၊ ၎င်းတို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် လူအများအသုံးပြုနိုင်သည့် အချက်အလက်များကို ရယူခြင်းသည် ကျွန်ုပ်တို့၏ လုပ်ငန်းနယ်ပယ်များတွင် အမှန်တကယ်သင့်တော်ပြီး ပုံမှန်ဆောင်ရွက်လျက်ရှိသော်ငြား အချက်အလက်ရယူပုံသည် တရားဝင်၍ ကျင့်ဝတ်နှင့်ညီရပါမည်။ ဥပမာအားဖြင့် ပစ္စည်းတင်သွင်းသူ၊ ဖောက်သည်၊ ပြိုင်ဘက် သို့မဟုတ် စီးပွားဖက်တို့ပိုင်ဆိုင်သည့် လျှို့ဝှက်ထားရမည့် IP ကို ရှာဖွေခြင်း သို့မဟုတ် အသုံးပြုခြင်းကို တားမြစ်ထားပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ပြိုင်ဘက်များနှင့်ပတ်သက်၍ ချိုးနှိမ်သော မှတ်ချက်များကို မည်သည့်အခါမှ ပြုလုပ်မည်မဟုတ်သလို ပြိုင်ဘက်၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ကျွန်ုပ်တို့နှင့်ယှဉ်၍ မျှတမှုမရှိသော နှိုင်းယှဉ်ဖော်ပြမှုများကိုလည်း ပြုလုပ်မည်မဟုတ်ပါ။

ရံဖန်ရံခါတွင် ကျွန်ုပ်တို့သည် ပြိုင်ဘက်တစ်ဦး သို့ အခြားကုမ္ပဏီ၏ အပေါက်ကြားမခံသော အချက်အလက်များကို သိရှိခွင့်ရနိုင် သို့မဟုတ် သိရှိခွင့်ရရန် ကမ်းလှမ်းခံရနိုင်သည်။ ပြိုင်ဘက် သို့မဟုတ် အခြားကုမ္ပဏီမှ ထိုအချက်အလက်များထုတ်ဖော်ခြင်းကို ခွင့်ပြုကြောင်း ရှင်းရှင်းလင်းလင်းမသိပါက ကမ်းလှမ်းချက်ကို ငြင်းပယ်သင့် သို့ ရရှိထားသည့် အချက်အလက်တိုင်းကို ပြန်ပေးသင့်ပြီး မိတ္တူကူးယူ၍ ထိန်းသိမ်းထားခြင်းမျိုးလည်း မပြုလုပ်သင့်ပါ။ ကျွန်ုပ်တို့သည် အခြားသူများမှ Ball ၏ အပေါက်ကြားမခံသော အချက်အလက်များကို တွေ့သည့်အခါ ပြုမူဆောင်ရွက်စေလိုသည့် ပုံစံအတိုင်း ပြိုင်ဘက်တစ်ဦး သို့ အခြားကုမ္ပဏီနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်း ၎င်းနည်းတူ တလေးတစားကိုင်တွယ်လုပ်ဆောင်သင့်ပါသည်။

## လုပ်ပိုင်ခွင့်စွန့်လွှတ်မှုများကို ထုတ်ဖော်အသိပေးခြင်း

မည်သည့်စည်းကမ်းသတ်မှတ်ချက် လျှော့ပေါ့ခြင်းကိုမဆို ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှဖြစ်စေ၊ ဒါရိုက်တာဘုတ်အဖွဲ့၏ သင့်တော်သည့် ကော်မတီတစ်ရပ်မှဖြစ်စေ ကြိုတင်အတည်ပြုရမည်ဖြစ်ပါသည်။ အလုပ်အမှုဆောင်တစ်ဦး သို့မဟုတ် ဒါရိုက်တာတစ်ဦးအတွက် ဒါရိုက်တာဘုတ်အဖွဲ့မှ အတည်ပြုထားသော မည်သည့်စည်းကမ်းလျှော့ပေါ့မှုကိုမဆို အစုရှယ်ယာဝင်များထံသို့ ချက်ချင်း လူသိရှင်ကြားပြောကြားရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီသည် ဈေးကွက်အကြောင်း သိရှိနိုင်ရန်၊ နည်းပညာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အပြောင်းအလဲများအပေါ် အဆင်သင့်ဖြစ်နေရန်နှင့် ယှဉ်ပြိုင်ခြင်း၏ အကျိုးသက်ရောက်မှုကို ချင့်ချိန်ဆုံးဖြတ်နိုင်ရန်အတွက် အစီအစဉ်များနှင့် ဗျူဟာများရေးဆွဲထားပါသည်။

# ထပ်ဆောင်းရင်းမြစ်များ

ကိစ္စအများစုတွင် သင့်မန်နေဂျာ သို့မဟုတ် လူ့စွမ်းအားအရင်းအမြစ်ကိုယ်စားလှယ်တို့သည် မေးခွန်းများ သို့မဟုတ် စိုးရိမ်ပူပန်မှုများအတွက် ကူညီပေးနိုင်ရန် သို့မဟုတ် သင့်ကို လမ်းမှန်ညွှန်ပြပေးရန် ရင်းမြစ်ကောင်းတစ်ခုဖြစ်လာမည် ဖြစ်သည်။

## စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့

ဤကျင့်ဝတ်စည်းကမ်းများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ သို့မဟုတ် အခြားစီးပွားရေးကျင့်ဝတ်များ သို့မဟုတ် စည်းကမ်းလိုက်နာစောင့်ထိန်းမှုဆိုင်ရာ ပြဿနာရပ်များနှင့် စပ်လျဉ်း၍ မေးခွန်းများမေးမြန်းရန် သို့မဟုတ် စိုးရိမ်ပူပန်မှုများကို တင်ပြရန် စည်းကမ်းကြီးကြပ်ရေးမဟာမိတ် သို့မဟုတ် သင့်နယ်ပယ်ဒေသရှိ စည်းကမ်းကြီးကြပ်ရေး ဆောင်ရွက်ရာနေရာကို ဆက်သွယ်ပါ။ compliancealliance@ball.com

## စည်းကမ်းကြီးကြပ်ရေးမဟာမိတ်အဖွဲ့ အရေးပေါ်ဖုန်းနံပါတ်

စည်းကမ်းလိုက်နာဆောင်ရွက်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို တင်ပြရန် ballcompliancehotline.com ကို ဝင်ရောက်ပါ သို့မဟုတ် ဖုန်းခေါ်ဆိုခပေးရန်မလိုသော ပြည်တွင်းစည်းကမ်းကြီးကြပ်ရေးမဟာမိတ် အရေးပေါ်ဖုန်းနံပါတ်ကို ခေါ်ဆိုပါ။ သတင်းပေးပို့သည့်ဝန်ဆောင်မှုကို သီးခြားလွတ်လပ်သော ကြားခံအဖွဲ့တစ်ဖွဲ့မှ ဆောင်ရွက်နေပြီး တစ်ပတ်လျှင် ခုနှစ်ရက်၊ 24 နာရီအချိန်ပြည့် အသင့်ရှိနေပါသည်။

## ဥပဒေရေးရာဌာန

ဥပဒေရေးရာဌာနအတွင်းတွင် မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို တုံ့ပြန်ဖြေကြားပေးနိုင်သည့် ဒေသန္တရနှင့် လုပ်ငန်းခွဲအတွင်း အကြောင်းအရာကိစ္စအလိုက် ကျွမ်းကျင်သူများ ရှိပါသည်။ ဥပဒေရေးရာ၊ အကျိုးစီးပွားပဋိပက္ခ သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာ စိုးရိမ်ပူပန်မှု တစ်စုံတစ်ရာရှိပါက ကျွန်ုပ်တို့၏ ရှေ့နေတစ်ဦးဦးကို ဆက်သွယ်နိုင်ပါသည်။

## ကုမ္ပဏီတွင်းစာရင်းစစ်

ကုမ္ပဏီတွင်းစာရင်းကြီးကြပ်ထိန်းချုပ်မှုများ သို့မဟုတ် စာရင်းစစ်ခြင်းကိစ္စရပ်များနှင့် သက်ဆိုင်သော မေးခွန်းများ သို့မဟုတ် စိုးရိမ်ပူပန်မှုများအတွက် ကုမ္ပဏီတွင်းစာရင်းစစ်အဖွဲ့မှ အဆင်သင့်ရှိနေပါသည်။
InternalAudit@ball.com

## စည်းကမ်းထိန်းသိမ်းရေး အရေးပေါ်ဖုန်းနံပါတ်များ

| | |
|---|---|
| **အမေရိကန်ပြည်ထောင်စု** | |
| ကော်ပိုရိတ်/ထုပ်ပိုးမှု | 1-800-270-2879 |
| လေကြောင်း | 1-800-496-5962 |
| **အာဂျင်တီးနား** | 800-666-1246 |
| **ဩစကြီးယား** | 0800-802298 |
| **ဘရာဇီး** | 0-800-020-3400 |
| **ကနေဒါ** | 1-800-269-8163 |
| **ချီလီ** | 800-914-313 |
| **ချက်သမ္မတနိုင်ငံ** | 800-810-915 |
| **ဒိန်းမတ်** | 8082-0147 |
| **အီဂျစ်** | 0800-000-9377 |
| **ဖင်လန်** | 0800-07-636 |
| **ပြင်သစ်** | 0805-080245 |
| **ဂျာမနီ** | 0800-180-0602 |
| **အိန္ဒိယ** | 000-800-919-1520 |
| **အိုင်ယာလန်** | 1-800-904-178 |
| **အီတလီ** | 800-788-058 |
| **မက္ကဆီကို** | 800-681-6521 |
| **မြန်မာ** | 720-904-6581 |
| **နယ်သာလန်** | 0-800-022-1241 |
| **ပါရာဂွေး** | 009-800-542-0162 |
| **ပိုလန်** | 48-222922675 |
| **ဆော်ဒီအာရေးဗီးယား** | |
| (ပြည်တွင်း အထိုင်ဖုန်းနံပါတ်) | 0-8111072514 |
| (ခေါ်ဆိုခ အခမဲ့ - Etihad Atheeb/Mobility/Zain ကွန်ရက်များအတွက်သာ) | 800-850-0479 |
| (ခေါ်ဆိုခ အခမဲ့ - STC ကွန်ရက်အတွက်သာ) | 800-855-2158 |
| **ဆားဗီးယား** | 0800-190-162 |
| **စပိန်** | 900-839195 |
| **ဆွီဒင်** | 020-888-506 |
| **ဆွစ်ဇာလန်** | 0800-321-013 |
| **တူရကီ** | 0800-621-2217 |
| **ယူနိုက်တက်ကင်းဒမ်း** | 0-808-189-1083 |
| **ဗီယက်နမ်** | 84-24-44-583357 |

ုပ်ငန်း ကျင့်ဝတ်စည်းကမ်းများ
2020 တွင် စိစစ်တည်းဖြတ်ထားသည်၊ ဓာတ်ပုံများ
အားလုံးကို မတ်လ 2020 မတိုင်ခင် ရိုက်ကူးထားသည်
2022 ခုနှစ် တွင် ပြင်ဆင်ရေးသားခဲ့သည်။

Ball Corporation
9200 W 108th Circle
Westminster, CO 80021